မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၆ ] ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် ( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃၈/ ၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက် )

**တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (င)၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၂ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် ဦးစိုးမြင့်ကို တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃၉/ ၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက် )

**တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၁၊ ပုဒ်မခွဲ (ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၂၁ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာလွှတ်တော်၏ သဘောတူညီချက်ဖြင့် တင်ပြလာသည့် ဦးသိန်းထွန်းကို တနင်္သာရီတိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၄၀/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးကျော်မျိုး ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၄၁/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက် )

**ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၉၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၀) နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဝင်းမြင့်ကို ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၄၂/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက် )

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ဥပဒေ ပုဒ်မ ၁၂ တို့ပါပြဋ္ဌာန်းချက်များအရ ဦးကျော်တင့်ဆွေကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက် )

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့သော **"ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်"** ၏ ဥက္ကဋ္ဌအဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ဝင်း အား ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက် )

**ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ဥပဒေပြုလွှတ်တော်များသည် ဥပဒေကြမ်းတစ်ရပ်ကို ဥပဒေပြုဌာန်းချက်နှင့်အညီ လက်ခံရရှိပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသည်အထိ အဆင့်ဆင့်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာဆွေဆွေအောင်<br>ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာသီတာစန်း<br>ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးသန့်ဇင်<br>ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ဦးဇော်ဇော်ထွေး<br>ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | ဦးသန်းဌေး<br>လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်နိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | အတွင်းရေးမှူး |

၂။ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ဥပဒေရေးရာအကြံဉာဏ်တောင်းခံပါက ဥပဒေရေးရာအကြံဉာဏ်ပေးခြင်း၊

(ခ) ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းရန်အတွက် ဥပဒေပြုလွှတ်တော်များ၏ ဥပဒေကြမ်းကော်မတီများ သို့မဟုတ် ပူးပေါင်းကော်မတီတို့က ဖိတ်ကြားလာက ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ဥပဒေကြမ်းတစ်ရပ်ကို ဥပဒေအဖြစ် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရေးအတွက် ဥပဒေအကြံဉာဏ်တောင်းခံပါက အကြံပြုခြင်း၊

(ဃ) ဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ရန် ရေးဆွဲသောဌာနသို့ လိုအပ်သောဥပဒေရေးရာ အကြံဉာဏ်ပေးခြင်း။

၃။ ဥပဒေကြမ်းအပေါ် အကြံပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းစဉ်တွင် လိုအပ်ပါက အဆိုပါဥပဒေကို ကျင့်သုံးအကောင်အထည်ဖော်မည့်ဌာနနှင့် သက်ဆိုင်ရာဌာနတို့အား ဘာသာရပ်ဆိုင်ရာ အကြံဉာဏ်များရယူရန် ဖိတ်ကြားနိုင်သည်။ ထိုသို့ ဖိတ်ကြားရာတွင် လိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်နိုင်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက် )

### ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ အထက်ပါကော်မရှင် အဖွဲ့ဝင်များအနက်မှ ဦးကျော်တင့်ဆွေ၊ သံအမတ်ကြီး (ငြိမ်း) သည် ၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရပါသဖြင့် အမိန့်ထုတ်ပြန်သည့်ရက်မှစ၍ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက် )

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၆ အရ ပြည်သူ့လွှတ်တော်ရုံးမှ လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းအောင် အား ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှစတင်၍ ပြည်သူ့လွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၅၀၀,၀၀၀) ရာထူးဖြင့် အစမ်းခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက် )

**ကော်မတီအဖွဲ့ဝင် ပြောင်းလဲထည့်သွင်းဖွဲ့စည်းခြင်း**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့၌ ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ် **အစား** ဦးနေမျိုးထွန်း၊ ထန်းတပင်မဲဆန္ဒနယ် (ရန်ကုန်တိုင်းဒေသကြီး) အား ပြောင်းလဲထည့်သွင်း ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက် )

**တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ

တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းဝင်း | မင်းဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးကျော်ငွေး | လေရှီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး | ဗိုလ်တထောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ခင်စန္ဒီ | လောင်းလုံးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးချင်းဖေလင်း | မံစီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးတင်နု(ခ)ဦးတင်နုအောင် | မာန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်အေးမြမြမျိုး | ကျောက်တန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါ်စိုးနွယ်အေး | တံတားဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဒေါက်တာဦးအေးကြူ | လပွတ္တာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးလှသန်း | ကဝမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးအေးမောင် | ဘောလခဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးမောင်သိန်းခိုင် | စစ်တွေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဗိုလ်မှူးကြီးညီညီလွင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးအောင်တင်လင်း | နတ်မောက်မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၅။ ကော်မတီသည် -

(က) တရားစီရင်ရေးနှင့် ဥပဒေရေးရာလုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှုရှိစေရေးအတွက် ကူညီဆောင်ရွက်ရမည်။

(ခ) ဥပဒေနှင့်အညီ တရားစီရင်ရေး၊ တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို နိုင်ငံသားတိုင်း ခံစားနိုင်ရေးအတွက် အားပေးကူညီရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းများ၏ အခွင့်အရေးများ မှန်ကန်စွာရရှိရေးအတွက် စိစစ်ကူညီဆောင်ရွက်ရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့တင်ပြရမည်။

(စ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဆ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၆။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက် ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၈။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၉။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင် တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၁၀။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင်တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက် )

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)က တင်သွင်းသော **"ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ (မူကြမ်း)
## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။ )

၁၃၇၈ ခုနှစ်၊        လ    ရက်
( ၂၀၁၆ ခုနှစ်၊        လ    ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ **ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၁၉၉၀ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၁)** ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အမျိုးသားလွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက် )

**မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**
**ထုတ်ပြန်ကြေညာခြင်း**

ဗိုလ်မှူးချုပ်ခင်မောင်အေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)က တင်သွင်းသော **"မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

## မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ (မူကြမ်း)
## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။ )

၁၃၇၈ ခုနှစ်၊        လ    ရက်
( ၂၀၁၆ ခုနှစ်၊        လ    ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ **မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေ (၂၀၀၂ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၈)** ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်)

အမှတ် ၃၂၈ ။ ။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၈/၂၀၁၆) အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးကိုကိုနိုင် (တ/၃၀၇၉) သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ် တာဝန်ဝတ္တရားများကို ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် စတင် ထမ်းဆောင်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကြေညာချက်အမှတ် (၈/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃) ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃) ဦးတို့အား ယှဉ်တွဲ ဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၄၈၅၇<br>ဒုတိယဗိုလ်မှူးကြီး ထိန်ဦး | အစား | လေ ၁၇၅၃<br>ဗိုလ်မှူးကြီး နေဝင်း |
| (၂) | ကြည်း ၂၆၇၂၃<br>ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေး | အစား | ကြည်း ၁၉၇၆၈<br>ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင် |
| (၃) | ကြည်း ၂၈၃၁၉<br>ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦး | အစား | ကြည်း ၁၇၃၄၀<br>ဗိုလ်မှူးချုပ် အောင်ကျော်ငြိမ်း |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၉/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက် )

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကစိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၉၃၇၂<br>ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်ထွန်း | အစား | ကြည်း ၁၇၂၇၈<br>ဗိုလ်မှူးချုပ် ချစ်ဦး |
| (၂) | ကြည်း ၂၈၂၇၄<br>ဒုတိယဗိုလ်မှူးကြီး သိန်းလွင် | အစား | ကြည်း ၁၇၀၇၃<br>ဗိုလ်မှူးချုပ် သက်နိုင် |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၀/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄) ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄) ဦးတို့အား ယှဉ်တွဲဖော်ပြပါ အတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၉၅၉၅<br>ဒုတိယဗိုလ်မှူးကြီး ကျော်နိုင် | အစား | ကြည်း ၂၇၄၀၁<br>ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေ |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | ကြည်း ၃၀၅၆၃ ဒုတိယဗိုလ်မှူးကြီး အေးရွှေ | အစား | ကြည်း ၂၁၄၇၃ ဒုတိယဗိုလ်မှူးကြီး ဌေးအောင် |
| (၃) | ရေ ၃၉၃၇ ဒုတိယဗိုလ်မှူးကြီး ကိုကိုမောင် | အစား | ရေ ၃၉၈၃ ဗိုလ်မှူး ရဲထွဋ် |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၂၉၆၉၀ ဒုတိယဗိုလ်မှူးကြီး သန်းလွင် | အစား | ကြည်း ၂၄၈၆၁ ဒုတိယဗိုလ်မှူးကြီး အေးဇော် |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၃ ရက် ရက်စွဲပါ စာအမှတ်၊ ၄၂၈/၂၅၂-အဂတိ/အဖရ (၂၀၁၆) ကိုရည်ညွှန်းလျက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း၊ ညွှန်ကြားရေးမှူး(စစ်ဆေးရေး)ဦးသန့်ဇော်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

မြဝင်း
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၁၀ ရက် )

အမှတ် ၂၈၉/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ဌာနစုမှူး-၁ ဒေါ်လှသီတာအား ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးပြီးသည့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့် ပြုလိုက်သည်။

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၄၂/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၇ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက် )

**ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၄၁/၂၀၁၅) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | အတွင်းရေးမှူး |
| (ဇ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | တွဲဖက်အတွင်းရေးမှူး |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၃၉/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက် )

**ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၄၂/၂၀၁၆) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |

| | | |
|---|---|---|
| (ခ) | ဗိုလ်ချုပ်အောင်စိုး<br>ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | အတွင်းရေးမှူး |
| (စျ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | တွဲဖက်အတွင်းရေးမှူး |

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကာကွယ်ရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက် )

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်စွဲပါ စာအမှတ်၊ ၁၀၅ (၁)/၈/ သမ္မတရုံးဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတကာနှင့် ပြည်တွင်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ငြိမ်းချမ်းအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်အပ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကာကွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# နယ်စပ်ရေးရာဝန်ကြီးဌာန

# (ဝန်ကြီးရုံး)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက် )

အမှတ် ၁။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ စာအမှတ်၊ ၅၈၊ ၆၂၊ ၆၃/ ၁၀၃ -လွှဲပြောင်း/ အဖရ (၂၀၁၆) နှင့် ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ စာအမှတ်၊ ၇၅/၁၀၃- လွှဲပြောင်း /အဖရ (၂၀၁၆) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နှင့် ၂၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၆ တို့အရ ကာကွယ်ရေးဝန်ကြီးဌာနမှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အောက်ဖော်ပြပါ အရာရှိ (၂၀) ဦးအား ရောက်ရှိသတင်းပို့သည့်နေ့မှစ၍ ဝန်ကြီးဌာနအင်အားတိုးယူပြီး အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ယှဉ်တွဲဖော်ပြပါရာထူးနေရာများ၌ ခန့်ထားလိုက်သည် -

| **စဉ်** | **ပြန်တမ်းဝင်အမှတ်၊ အဆင့်၊ အမည်** | **ခန့်ထားသည့် ရာထူး၊ လစာနှုန်း** |
|---|---|---|
| ၁။ | ကြည်း ၂၄၂၇၆ ဗိုလ်မှူးမိုးကျော်သူ | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |
| ၂။ | ကြည်း ၂၉၁၇၅ ဗိုလ်မှူးမြတ်မိုးအောင် | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |
| ၃။ | ကြည်း ၃၁၅၈၅ ဗိုလ်မှူးဆွေလင်းမြင့် | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |
| ၄။ | ကြည်း ၃၄၅၇၅ ဗိုလ်မှူးဇေယျာလင်း | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |
| ၅။ | ကြည်း ၃၂၇၆၉ ဗိုလ်မှူးမျိုးဇော်ဦး | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၆။ | ကြည်း ၃၄၂၉၃ ဗိုလ်မှူးသန်းထိုက်အောင် | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၇။ | ကြည်း ၃၄၄၇၈ ဗိုလ်မှူးဇော်ဇော်ထွန်း | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၈။ | ကြည်း ၃၄၅၅၄ ဗိုလ်မှူးထက်လင်း | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၉။ | ကြည်း ၃၅၅၀၅ ဗိုလ်မှူးဇင်ဘိုဦး | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၁၀။ | ကြည်း ၃၈၂၀၄ ဗိုလ်မှူးမျိုးအောင် | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |

| စဉ် | ပြန်တမ်းဝင်အမှတ်၊ အဆင့်၊ အမည် | ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| ၁၁။ | ကြည်း ၃၈၆၃၅ ဗိုလ်မှူးမြတ်သီဟ | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၁၂။ | ကြည်း ၃၈၆၅၁ ဗိုလ်မှူးလူမော် | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၁၃။ | ကြည်း ၃၉၈၂၁ ဗိုလ်မှူးဟန်ဝင်းအောင် | လက်ထောက်ညွှန်ကြားရေးမှူး (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၁၄။ | ကြည်း ၃၉၇၉၉ ဗိုလ်ကြီးအောင်မျိုးခိုင် | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၅။ | ကြည်း ၄၃၄၀၂ ဗိုလ်ကြီးဇေယျာမင်း | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၆။ | ကြည်း ၄၅၇၇၄ ဗိုလ်ကြီးရန်မျိုးအေး | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၇။ | ကြည်း ၄၆၃၀၂ ဗိုလ်ကြီးထင်လင်းဦး | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၈။ | ကြည်း ၄၇၃၄၀ ဗိုလ်ကြီးအောင်မြတ်ကျော်သက် | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၉။ | ကြည်း ၄၉၁၁၀ ဗိုလ်ကြီးရန်မျိုးအောင် | ဦးစီးအရာရှိ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |

## (ဝန်ကြီးရုံး)

အမှတ် ၂။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ စာအမှတ်၊ ၅၇၊ ၅၈/ ၁၀၃ - လွှဲပြောင်း/ အဖရ (၂၀၁၆) နှင့် ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ စာအမှတ်၊ ၄၅/၁၀၃-လွှဲပြောင်း /အဖရ (၂၀၁၆) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နှင့် ၂၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၆ တို့အရ ကာကွယ်ရေးဝန်ကြီးဌာနမှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အောက်ဖော်ပြပါအရာရှိ (၂၀) ဦးအား ရောက်ရှိသတင်းပို့သည့်နေ့မှစ၍ ဝန်ကြီးဌာနအင်အားတိုးယူပြီး အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတွင် ယှဉ်တွဲဖော်ပြပါရာထူးနေရာများ၌ ခန့်ထားလိုက်သည် -

| စဉ် | ပြန်တမ်းဝင်အမှတ်၊ အဆင့်၊အမည် | ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| ၁။ | ကြည်း ၂၈၂၃၇ ဗိုလ်မှူးကျော်ကျော်ဇော် | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |
| ၂။ | ကြည်း ၃၀၉၂၄ ဗိုလ်မှူးအောင်မိုး | ဒုတိယညွှန်ကြားရေးမှူး (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |

| | | |
|---|---|---|
| ၃။ | ကြည်း ၃၄၀၃၃<br>ဗိုလ်မှူးခင်မောင်ဇော် | ဒုတိယညွှန်ကြားရေးမှူး<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |
| ၄။ | ကြည်း ၃၁၉၂၇<br>ဗိုလ်မှူးနေလင်းဦး | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၅။ | ကြည်း ၃၂၇၆၆<br>ဗိုလ်မှူးဝင်းမျိုးအောင် | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၆။ | ကြည်း ၃၃၄၂၆<br>ဗိုလ်မှူးဘုန်းမြတ်ထွန်း | လက်ထောက်ညွှန်ကြားရေးမှူး<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၇။ | ကြည်း ၂၉၅၄၉<br>ဗိုလ်ကြီးသိန်းဆွေ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၈။ | ကြည်း ၃၀၆၆၉<br>ဗိုလ်ကြီးဇော်သက် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၉။ | ကြည်း ၃၂၁၅၅<br>ဗိုလ်ကြီးဝေလွင်ဦး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၀။ | ကြည်း ၃၃၆၉၁<br>ဗိုလ်ကြီးညီညီလွင် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၁။ | ကြည်း ၃၃၈၈၅<br>ဗိုလ်ကြီးဇေယျာလှိုင် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၂။ | ကြည်း ၃၄၀၃၈<br>ဗိုလ်ကြီးဇော်မင်းထိုက် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၃။ | ကြည်း ၃၅၀၂၀<br>ဗိုလ်ကြီးသန်းလင်း | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၄။ | ကြည်း ၃၅၁၆၆<br>ဗိုလ်ကြီးအောင်ထွန်းခိုင် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၅။ | ကြည်း ၃၅၉၉၀<br>ဗိုလ်ကြီးတိုးလင်းပိုင် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၆။ | ကြည်း ၃၆၅၅၅<br>ဗိုလ်ကြီးနေမျိုးသူ | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၇။ | ကြည်း ၃၆၅၈၈<br>ဗိုလ်ကြီးသိန်းလှမောင် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၈။ | ကြည်း ၃၆၇၆၁<br>ဗိုလ်ကြီးမင်းမြတ် | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၁၉။ | ကြည်း ၃၆၉၁၉<br>ဗိုလ်ကြီးရန်နိုင်ဝင်း | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၂၀။ | ကြည်း ၃၇၆၄၀<br>ဗိုလ်ကြီးတင်မောင်ထွေး | ဦးစီးအရာရှိ<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |

ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက် )

အမှတ် ၂၈ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ အောက်ဖော်ပြပါ အသံလွှင့်ကျွမ်းကျင် (၁) အား ယင်းနှင့်ယှဉ်တွဲပါ ရာထူးနေရာသို့ တာဝန်ထမ်းဆောင်သည့် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်** | **မူလရာထူး/လစာနှုန်း** | **တိုးမြှင့်ခန့်ထားသည့်ရာထူး/ လစာနှုန်း** |
|---|---|---|
| ဒေါ်ငုဝါခိုင် | အသံလွှင့်ကျွမ်းကျင် (၁) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) အသံလွှင့်ဌာနခွဲ | ဦးစီးအရာရှိ (အယ်ဒီတာ) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အသံလွှင့်ဌာနခွဲ |

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက် )

အမှတ် ၂၉ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယို ဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရ လည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော တနင်္သာရီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**တနင်္သာရီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဦးမြင့်မောင်<br>သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| ( ခ ) | ဦးမင်းအောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ရဲမှူးကြီးနေမျိုး<br>တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဦးတင်မောင်ဆွေ<br>တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးဝင်းမော်<br>တိုင်းဒေသကြီးမန်နေဂျာ<br>တိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |

(စ) ဦးအုန်းသန်း — အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေအရာရှိ
တိုင်းဒေသကြီးဥပဒေချုပ်ရုံး

(ဆ) ဒေါ်နီနီချို — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဇ) ဦးကျော်ထွန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့

(ဈ) ဦးလှမျိုး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

အမှတ် ၃၀ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယို ဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃)(၂၄) အရ လည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော နေပြည်တော် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**နေပြည်တော် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးမြင့်အောင် — ဥက္ကဋ္ဌ
အုပ်ချုပ်ရေးမှူး
နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ရဲမှူးကြီးကိုကိုအောင် — အဖွဲ့ဝင်
နေပြည်တော်ရဲတပ်ဖွဲ့မှူး
နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးအောင်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန

(ဃ) ဦးကျော်မျိုးခန့် — အဖွဲ့ဝင်
အင်ဂျင်နီယာမှူး
နေပြည်တော်ဆက်သွယ်ရေးလုပ်ငန်း

(င) ဒေါ်သင်းသင်းဇင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(စ) ဦးဇော်မင်းထက် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
နေပြည်တော်ဗီဒီယိုအခြေခံအဖွဲ့

(ဆ) ဦးဇော်မင်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက် )

အမှတ် ၃၁ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄ ဖြင့် ဖွဲ့စည်းထားသည့် ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်များအတွက် (၂) နှစ်သက်တမ်းရှိသော စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်းလိုက်ပါသည်-

| | |
|---|---|
| ၁။ ဦးကိုကို (ကို-တက္ကသိုလ်) | ဥက္ကဋ္ဌ |
| ၂။ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) | ဒုတိယဥက္ကဋ္ဌ |
| ၃။ ဒေါ်မြမြသန်း(မနှင်းဖွေး) | အဖွဲ့ဝင် |
| ၄။ ဒေါက်တာအေးကျော်(ဆေးသုတေသန) | အဖွဲ့ဝင် |
| ၅။ ဦးစိန်လှိုင်(သူရဇော်) | အဖွဲ့ဝင် |
| ၆။ ဦးညွှန့်ဟံ(ညွှန့်ဟံ-ကြူတော) | အဖွဲ့ဝင် |
| ၇။ ဦးစန်းတင့်(တက္ကသိုလ်ဆန်းတင့်နိုင်) | အဖွဲ့ဝင် |
| ၈။ ဦးမြင့်ကြိုင် | အဖွဲ့ဝင် |
| ၉။ ဒေါ်သန်းသန်း(ရွှေသဥ္စာ) | အဖွဲ့ဝင် |
| ၁၀။ ဦးခင်စိုး(စိုးစိုး-ပန်းတောင်း) | အဖွဲ့ဝင် |
| ၁၁။ ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း) | အဖွဲ့ဝင် |
| ၁၂။ ဦးမောင်လှိုင်(မောင်ဆွေငယ်) | အဖွဲ့ဝင် |
| ၁၃။ ဦးစိုးမြင့်(စိုးလွင်မြင့်) | အဖွဲ့ဝင် |
| ၁၄။ ဦးမြင့်ထွန်း(ဆုပြည့်စုံထွန်းစာပေတိုက်) | အဖွဲ့ဝင် |
| ၁၅။ ဦးဝင်းငြိမ်း(ဝင်းငြိမ်း) | အဖွဲ့ဝင် |
| ၁၆။ ဒေါက်တာတင်မောင်ထွေး(ဒေါက်ထွေး၊ ဆေး/မန်း) | အဖွဲ့ဝင် |
| ၁၇။ ဦးသိန်းစိုး(သီဟရတနာစာပေတိုက်) | အဖွဲ့ဝင် |
| ၁၈။ ဒေါက်တာတင်တင်ဝင်း(ဂျူး) | အဖွဲ့ဝင် |
| ၁၉။ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) | အဖွဲ့ဝင် |
| ၂၀။ ဒေါ်ချိုချိုတင်(မစန္ဒာ) | အဖွဲ့ဝင် |
| ၂၁။ ဦးမျိုးအောင်(မျိုးအောင်-ရုက္ခဗေဒ) | အဖွဲ့ဝင် |
| ၂၂။ ဒေါက်တာစိုးနိုင် | အဖွဲ့ဝင် |
| ၂၃။ ဦးမောင်မောင်ဦး(ဟိန်းလတ်) | အဖွဲ့ဝင် |
| ၂၄။ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်) | အဖွဲ့ဝင် |
| ၂၅။ ဦးသန်းအုန်း(မောင်ဇေယျာ) | အဖွဲ့ဝင် |
| ၂၆။ ဦးစိန်ဝင်း(မောင်စိန်ဝင်း-ပုတီးကုန်း) | အဖွဲ့ဝင် |
| ၂၇။ ဦးမောင်မောင်အေး(မောင်ဟေမာ) | အဖွဲ့ဝင် |
| ၂၈။ ဦးမျိုးအောင်(ငြိမ်းမင်း) | အဖွဲ့ဝင် |
| ၂၉။ သိပ္ပံစာရေးဆရာကိုကိုအောင် | အဖွဲ့ဝင် |

၃၀။ ဦးမျိုးမြင့်သောင်း(မျိုးမြင့်သောင်း-စာပေဗိမာန်)　　အဖွဲ့ဝင်
၃၁။ ဦးကျော်ဦး　　အဖွဲ့ဝင်
၃၂။ ဦးသန်းအေး(စလင်းဘုန်းကျော်)　　အဖွဲ့ဝင်
၃၃။ ဦးနေမျိုးနိုင်(နေမျိုးနိုင်)　　အဖွဲ့ဝင်
၃၄။ ဦးမြတ်ဝေတိုး(မြတ်ဝေတိုး-ပညာရေး)　　အဖွဲ့ဝင်
၃၅။ ဦးတင့်ခိုင်(တင့်ခိုင်)　　အဖွဲ့ဝင်
၃၆။ ဦးအောင်သန်း (မင်းခန့်ရွှေ)　　အတွင်းရေးမှူး
စာတည်းမှူးချုပ်
စာပေဗိမာန်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

အမှတ် ၃၂ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် တိုးချဲ့ဖွင့်လှစ်ရာတွင် အောင်မြင်မှုရရှိစေရန်အတွက် ဖြစ်မြောက်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

၁။ ဒေါက်တာဖေမြင့်　　နာယက
ပြည်ထောင်စုဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

၂။ ဦးအောင်မျိုးမြင့်　　ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

၃။ ကိုယ်စားလှယ်တစ်ဦး　　အဖွဲ့ဝင်
မြန်မာနိုင်ငံပုံနှိပ်သူနှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း

၄။ ကိုယ်စားလှယ်တစ်ဦး　　အဖွဲ့ဝင်
မြန်မာနိုင်ငံပုံနှိပ်သူနှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း

၅။ ဒေါက်တာသာထွန်းဦး　　အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း

၆။ ဦးမြင့်ထွန်း　　အဖွဲ့ဝင်
အတွင်းရေးမှူး
မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း

၇။ ဒေါက်တာသန့်သော်ကောင်း　　အဖွဲ့ဝင်
အမှုဆောင်ဒါရိုက်တာ
Myanmar Book Aid & Preservation Foundation

၈။ ကိုယ်စားလှယ်တစ်ဦး　　အဖွဲ့ဝင်
Myanmar Book Aid & Preservation Foundation

၉။ ကိုယ်စားလှယ်တစ်ဦး　　အဖွဲ့ဝင်
Yangon Heritage Trust (YHT)

၁၀။ ဦးမော်လင်း　　အဖွဲ့ဝင်
ဗိသုကာပညာရှင်
မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း

၁၁။ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

၁၂။ ဦးမြင့်သူ — အဖွဲ့ဝင်
မန်နေးဂျင်းအယ်ဒီတာ
Myanmar Heritage

၁၃။ ဦးအောင်သန်း — အတွင်းရေးမှူး
စာတည်းမှူးချုပ်
စာပေဗိမာန်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

၁၄။ ဒေါ်မြင့်သီတာခိုင် — တွဲဖက်အတွင်းရေးမှူး (၁)
ဦးစီးအရာရှိ (ထုတ်လုပ်) (တာဝန်ခံ)
စာပေဗိမာန်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

၁၅။ ဦးစီးအရာရှိ (စီမံ) — တွဲဖက်အတွင်းရေးမှူး (၂)
စာပေဗိမာန်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

အမှတ် ၃၃ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန် စာကြည့်တိုက် အဆင့်မြှင့်တင်နိုင်ရန် ဖြစ်မြောက်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

၁။ ဒေါက်တာဖေမြင့် — နာယက
ပြည်ထောင်စုဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

၂။ စည်သူဒေါက်တာသော်ကောင်း — နာယက
စာကြည့်တိုက်ပညာရှင်

၃။ ဦးအောင်မျိုးမြင့် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

၄။ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း

၅။ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း

၆။ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း

၇။ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း

၈။ ဒေါက်တာသန့်သော်ကောင်း — အဖွဲ့ဝင်
အမှုဆောင်ဒါရိုက်တာ
Myanmar Book Aid & Preservation Foundation

| | | |
|---|---|---|
| ၉။ | ကိုယ်စားလှယ်တစ်ဦး<br>Myanmar Book Aid & Preservation Foundation | အဖွဲ့ဝင် |
| ၁၀။ | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံစာကြည့်တိုက်အသင်း | အဖွဲ့ဝင် |
| ၁၁။ | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံစာကြည့်တိုက်အသင်း | အဖွဲ့ဝင် |
| ၁၂။ | ကိုယ်စားလှယ်တစ်ဦး<br>Yangon Heritage Trust (YHT) | အဖွဲ့ဝင် |
| ၁၃။ | ကိုယ်စားလှယ်တစ်ဦး<br>Yangon Heritage Trust (YHT) | အဖွဲ့ဝင် |
| ၁၄။ | ကိုယ်စားလှယ်တစ်ဦး<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၅။ | ဦးအောင်သန်း<br>စာတည်းမှူးချုပ်<br>စာပေဗိမာန်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | အတွင်းရေးမှူး |
| ၁၆။ | ဒေါ်ဥမ္မာထွေး<br>စာကြည့်တိုက်မှူး<br>စာပေဗိမာန်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| ၁၇။ | ဦးစီးအရာရှိ (စီမံ)<br>စာပေဗိမာန်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

အမှတ် ၃၄ ။ ။ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂၀ ဖြင့် ဖွဲ့စည်းထားသည့် ၂၀၁၅ ခုနှစ်၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| ၁။ | စည်သူဒေါက်တာသော်ကောင်း | ဥက္ကဋ္ဌ |
| ၂။ | စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးတင်ခ (တက္ကသိုလ်တင်ခ) | ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) | ဒုတိယဥက္ကဋ္ဌ |
| ၅။ | ဦးကိုကို (ကို-တက္ကသိုလ်) | ဒုတိယဥက္ကဋ္ဌ |
| ၆။ | ဒေါ်ချိုချိုတင် (မစန္ဒာ) | အဖွဲ့ဝင် |
| ၇။ | ဒေါက်တာခင်သန်းဦး (မမိုးမြေ) | အဖွဲ့ဝင် |
| ၈။ | ဦးမောင်လှိုင် (မောင်ဆွေငယ်) | အဖွဲ့ဝင် |
| ၉။ | ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) | အဖွဲ့ဝင် |
| ၁၀။ | ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း) | အဖွဲ့ဝင် |
| ၁၁။ | ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်) | အဖွဲ့ဝင် |

| | |
|---|---|
| ၁၂။ ဦးစိန်ဝင်း (မောင်စိန်ဝင်း-ပုတီးကုန်း) | အဖွဲ့ဝင် |
| ၁၃။ ဒေါက်တာဒေါ်ပို (မလေးပို) | အဖွဲ့ဝင် |
| ၁၄။ ဒေါက်တာခင်ဆွေမြင့် (ဆွေယင်းမာ) | အဖွဲ့ဝင် |
| ၁၅။ ဦးကျော်ဝင်း (မနုသကျော်ဝင်း) | အဖွဲ့ဝင် |
| ၁၆။ ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ) | အဖွဲ့ဝင် |
| ၁၇။ ဒေါက်တာတိုးလှ | အဖွဲ့ဝင် |
| ၁၈။ ဦးစိန်လှိုင် (သူရဇော်) | အဖွဲ့ဝင် |
| ၁၉။ ဦးသိန်းနိုင် (ဂုဏ်ထူးဦးသိန်းနိုင်) | အဖွဲ့ဝင် |
| ၂၀။ ဦးအေးချို (ဦးအေးချို-မဟာဝိဇ္ဇာ) | အဖွဲ့ဝင် |
| ၂၁။ ဒေါက်တာမျိုးသန့်တင် | အဖွဲ့ဝင် |
| ၂၂။ ဒေါက်တာမောင်မောင်စံ (ကြည်မင်း) | အဖွဲ့ဝင် |
| ၂၃။ ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး) | အဖွဲ့ဝင် |
| ၂၄။ ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း) | အဖွဲ့ဝင် |
| ၂၅။ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) | အဖွဲ့ဝင် |
| ၂၆။ ဦးကျော်ဦး (ကျော်ဦး) | အဖွဲ့ဝင် |
| ၂၇။ ဦးစိုးမြင့် (စိုးလွင်မြင့်) | အဖွဲ့ဝင် |
| ၂၈။ ဦးညွန့်ဟံ (ညွန့်ဟံ-ကြူတော) | အဖွဲ့ဝင် |
| ၂၉။ ဦးခင်စိုး (စိုးစိုး-ပန်းတောင်း) | အဖွဲ့ဝင် |
| ၃၀။ ဦးဟန်ညွန့် (ဟန်ညွန့်-ဥပဒေ) | အဖွဲ့ဝင် |
| ၃၁။ ဒေါက်တာခင်မောင်ညို (ဓာတုဗေဒ) | အဖွဲ့ဝင် |
| ၃၂။ ဦးစံလွင် (တောင်ခိုး) | အဖွဲ့ဝင် |
| ၃၃။ ဦးမောင်မောင်ကြည် (ရေနံမြေမောင်မောင်ကြည်) | အဖွဲ့ဝင် |
| ၃၄။ ဦးလှမောင် (အောင်ချိန်ဘွား) | အဖွဲ့ဝင် |
| ၃၅။ ဦးဇော်မင်းဦး (ဇော်မင်းမင်းဦး) | အဖွဲ့ဝင် |
| ၃၆။ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) | အဖွဲ့ဝင် |
| ၃၇။ ဦးမြင့်ကြိုင် | အဖွဲ့ဝင် |
| ၃၈။ ဦးခင်မောင်အေး (KMA) | အဖွဲ့ဝင် |
| ၃၉။ ဒေါက်တာနေဇင်လတ် | အဖွဲ့ဝင် |
| ၄၀။ ဦးသိန်းလှိုင် | အဖွဲ့ဝင် |
| ၄၁။ ဦးပါ (ဇင်သန့်) | အဖွဲ့ဝင် |
| ၄၂။ ဦးကိုကိုလှိုင် | အဖွဲ့ဝင် |

| | |
|---|---|
| ၄၃။ ဦးဝင်းငြိမ်း (ဝင်းငြိမ်း) | အဖွဲ့ဝင် |
| ၄၄။ ဦးမောင်မောင် (ကြည်ရွှန်း) | အဖွဲ့ဝင် |
| ၄၅။ ဒေါ်မြမြသန်း (မနှင်းဖွေး) | အဖွဲ့ဝင် |
| ၄၆။ ဦးသန်းအေး (စလင်းဘုန်းကျော်) | အဖွဲ့ဝင် |
| ၄၇။ ဒေါက်တာမြင့်သန်း (သန္တေသား) | အဖွဲ့ဝင် |
| ၄၈။ သိပ္ပံစာရေးဆရာကိုကိုအောင် | အဖွဲ့ဝင် |
| ၄၉။ ဦးမြင့်ထွန်း (ဆုပြည့်စုံထွန်း) | အဖွဲ့ဝင် |
| ၅၀။ ဒေါ်တင်ဝင်းရည် | အဖွဲ့ဝင် |
| ၅၁။ ဒေါ်ကြည်ကြည်လှ | အဖွဲ့ဝင် |
| ၅၂။ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) | အဖွဲ့ဝင် |
| ၅၃။ ဒေါ်နန်းအိအိဇာ | အဖွဲ့ဝင် |
| ၅၄။ ဒေါက်တာကျော်ဝင်း (သမိုင်း ပါမောက္ခ) | အဖွဲ့ဝင် |
| ၅၅။ ဦးရဲထွဋ် (သန်လျင် မောင်ဝင်းဝါ) | အဖွဲ့ဝင် |
| ၅၆။ ဦးမျိုးအောင် (ငြိမ်းမင်း) | အဖွဲ့ဝင် |
| ၅၇။ ဦးလှထွန်း (မောင်စိမ်းနီ) | အဖွဲ့ဝင် |
| ၅၈။ ဦးငွေးဝင်း (မောင်လင်းရိပ်) | အဖွဲ့ဝင် |
| ၅၉။ ဦးမောင်မောင်အေး (မောင်ဟေမာ) | အဖွဲ့ဝင် |
| ၆၀။ ဦးမောင်မောင်ဦး (ဟိန်းလတ်) | အဖွဲ့ဝင် |
| ၆၁။ ဦးဝင်းမြင့်မောင် (နွမ်ဂျာသိုင်း) | အဖွဲ့ဝင် |
| ၆၂။ ဦးညွန့်ဆွေ (မောင်ဆွေသက်) | အဖွဲ့ဝင် |
| ၆၃။ ဒေါက်တာမြင့်မောင်မောင် | အဖွဲ့ဝင် |
| ၆၄။ ဦးမော်လင်း | အဖွဲ့ဝင် |
| ၆၅။ ဦးမျိုးညွန့် | အဖွဲ့ဝင် |
| ၆၆။ ဦးအောင်သန်း (မင်းခန့်ရွှေ)<br>စာတည်းမှူးချုပ်<br>စာပေဗိမာန်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | အတွင်းရေးမှူး |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

**[ ယခင်အပတ် စက်မှုဝန်ကြီးဌာန စက်မှုလုပ်ငန်းမူဝါဒမှအဆက် ]**

**မူဝါဒအရ ဦးစားပေးဆောင်ရွက်ရမည့် စက်မှုလုပ်ငန်းများနှင့် ဦးစားပေးအစီအစဉ်**

၃၀။ ဦးစားပေးစက်မှုလုပ်ငန်းများအား အောက်ပါအတိုင်း သတ်မှတ်ပါမည် -

**ကာလတို။** နိုင်ငံတော်နှင့် Development Partner များ၏ အထောက်အပံ့ဖြင့် အခြေခံ အဆောက်အအုံများ တည်ဆောက်၍ AEC တွင် ယှဉ်ပြိုင်နိုင်သော စက်မှုလုပ်ငန်းများ တည်ထောင်ရန် ဦးစားပေးစက်မှုလုပ်ငန်းများမှာ -

(က) **လုပ်သားအခြေပြု စက်မှုလုပ်ငန်းများ (Labour Intensive Industries)**

(၁) ရက်ကန်း/ အထည်ချုပ်၊ ဖိနပ်ချုပ်လုပ်ငန်း၊ လက်ခစား CMP လုပ်ငန်းနှင့် ထုပ်ပိုးပစ္စည်း လုပ်ငန်း၊

(၂) သစ်အခြေခံ ပရိဘောဂနှင့် ကုန်ချောပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း။

(ခ) **အခြေခံစားသောက်ကုန်ထုတ် စက်မှုလုပ်ငန်း (Primary Commodity)**

(၁) လယ်ယာထွက်ကုန်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ရေထွက်ပစ္စည်း စသည့် တိုက်ရိုက် စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် အခြေခံစားသောက်ကုန်လုပ်ငန်းများ၊

(၂) စည်သွတ်၊ သီးနှံအချိုရည်၊ သီးစုံယို၊ နှမ်းဆီမွှေး၊ အကောင်းစားငံပြာရည်စသည့် တန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းများ။

(ဂ) **နည်းပညာလိုအပ်ချက်နည်းပါးသည့် အခြေခံစက်မှုကုန်ထုတ်လုပ်ငန်း (Basic Manufacturing Industries without advanced technology)**

(၁) ချည်မျှင်လုပ်ငန်းနှင့် အထည်ရက်လုပ်ငန်း၊

(၂) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ လယ်ယာသုံးစက်ပစ္စည်းနှင့် အခြားဆက်စပ် စက်မှုလုပ်ငန်းများတွင် အသုံးပြုသည့်စက်အပိုပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်သည့်လုပ်ငန်း၊

(၃) အီလက်ထရောနစ်နှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊

(၄) ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း။

**ကာလလတ်။** ဒေသတွင်းနှင့်နိုင်ငံတကာမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ကျယ်ပြန့်စွာလုပ်ဆောင်၍ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးစက်မှုလုပ်ငန်းများမှာ -

(ဃ) **အလယ်အလတ်အဆင့်နည်းပညာသုံး စက်မှုလုပ်ငန်း (Medium Technical-based Industries)**

(၁) ချည်မျှင်နှင့်အထည်ဆေးဆိုးလုပ်ငန်းနှင့်ပန်းရိုက်လုပ်ငန်း၊

(၂) စက်ပစ္စည်း အစိတ်အပိုင်း၊ တာယာနှင့် ရော်ဘာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊

(၃) မော်တော်ယာဉ်အစိတ်အပိုင်း ထုတ်လုပ်မှုလုပ်ငန်း၊

(၄) သင်္ဘောတည်ဆောက်ခြင်းနှင့် ဆက်စပ်သည့်လုပ်ငန်း။

**ကာလရှည်။** စက်မှုလုပ်ငန်းများ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးစက်မှုလုပ်ငန်းများမှာ-

(င) **အဆင့်မြင့်နည်းပညာသုံး စက်မှုလုပ်ငန်း (Advance Technical-based Industries)**

(၁) နာနိုနည်းပညာသုံး ဆေးဝါးထုတ်လုပ်မှုလုပ်ငန်း၊

(၂) ဘေးထွက်ဆိုးကျိုးနည်းပါးသည့် အဆင့်မြင့်ဓာတုပစ္စည်း ထုတ်လုပ်သောလုပ်ငန်း၊

(၃) တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်သောလုပ်ငန်း၊

(၄) အဆင့်မြင့်ဆက်သွယ်ရေးဆိုင်ရာပစ္စည်းထုတ်လုပ်သောလုပ်ငန်း။

(စ) **အခြေခံအဆောက်အအုံဆိုင်ရာ စက်မှုလုပ်ငန်းများ (Infrastructure Industries)**

(၁) သံ၊ သံမဏိနှင့် သတ္တုသန့်စင် ထုတ်လုပ်မှုလုပ်ငန်း၊

(၂) ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်း၊

(၃) ကုန်းလမ်း၊ ရေကြောင်း၊ လေကြောင်း သယ်ယူပို့ဆောင်ရေးနှင့်သက်ဆိုင်သည့် စက်မှုလုပ်ငန်းများ၊

(၄) လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်း၊

(၅) သဘာဝဓာတ်ငွေ့ရည်ထုတ်လုပ်မှုလုပ်ငန်း၊

(၆) ပို့ဆောင်ရေးနှင့်ခရီးသွားလုပ်ငန်း၊

(၇) ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊

(၈) ရေနံဓာတုပစ္စည်းထုတ်လုပ်မှုလုပ်ငန်း။

၃၁။ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာစက်မှုလုပ်ငန်းများနှင့် မဟာဗျူဟာအရ ဆောင်ရွက်သင့်သော စက်မှုလုပ်ငန်းများကို ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်မည်ဖြစ်သည်။

၃၂။ **အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်ရာတွင် AEC စံနှုန်းများနှင့်အညီ လိုက်ပါဆောင်ရွက်ရေး။** မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး အချိုးညီညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော၊ ဆင်းရဲနွမ်းပါးမှုနှင့် လူမှုစီးပွားရေး ကွာခြားမှုနည်းပါးသော ဒေသကြီးဖြစ်လာရန် အာဆီယံ၏မျှော်မှန်းချက် ၂၀၂၀ (ASEAN Vision 2020) ကို ဦးတည်ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စက်မှုထုတ်ကုန်များအား အာဆီယံဈေးကွက်တွင် ဝင်ဆံ့မှုရှိနိုင်ရေးအတွက် နိုင်ငံတကာ စံသတ်မှတ်ချက်များ သို့မဟုတ် အာဆီယံ စံသတ်မှတ်ချက်များနှင့်ကိုက်ညီရန် လိုအပ်ပါသည်။ အာဆီယံဒေသကို ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းနိုင်ရန်နှင့် ငွေအရင်းအနှီးများ ပိုမိုလွတ်လပ်စွာ စီးဆင်းနိုင်သည့်ဒေသဖြစ်ရန် သဘောတူခဲ့ပါသည်။ ပိုမိုကျယ်ပြန့်သော ပြည်တွင်းဈေးကွက်နှင့် အာဆီယံဈေးကွက်တွင် တက်ကြွစွာပါဝင်လှုပ်ရှားရန် အောက်ပါအာဆီယံကုန်သွယ်မှု သဘောတူညီချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည် -

(က) အကောက်အခွန်နှုန်းများကို ASEAN အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်မူဘောင်များ အတိုင်း လျှော့ချရေး၊

(ခ) အကောက်အခွန်မဟုတ်သော အတားအဆီးများ (Non-Tariff-Barriers) အား အတတ်နိုင်ဆုံး လျှော့ချနိုင်ရေး၊

(ဂ) **အာဆီယံပြတင်းတစ်ပေါက်စနစ် (ASEAN Single Window) ထူထောင်ရေး။** နိုင်ငံပြတင်းပေါက် (၁၀) ခုအား တစ်ပေါက်တည်းဖြစ်စေပြီး ICT နည်းပညာအသုံးပြု၍ အချိန်နှင့်ကုန်ကျစရိတ် သက်သာစေပြီး ကုန်သွယ်မှုစွမ်းရည်၊ ယှဉ်ပြိုင်မှုစွမ်းရည်မြှင့်တင်နိုင်ရန် ဖြစ်ပါသည်၊

(ဃ) **စံချိန်စံညွှန်း၊ နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အရည်အသွေးကိုက်ညီမှု အသိအမှတ်ပြုခြင်းအစီအစဉ်များ အကောင်အထည်ဖော်ရေး။** အာဆီယံမူဘောင်နှင့်အညီ ဒေသတွင်း နိုင်ငံများအချင်းချင်း စံချိန်စံညွှန်းနှင့် နည်းပညာသတ်မှတ်ချက်များ ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်၊

(င) ရင်းနှီးမြှုပ်နှံမှုများအား အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်နှင့်အညီ အကာအကွယ်ပေးရေး၊

(စ) ကျွမ်းကျင်လုပ်သားများ အာဆီယံဒေသတွင်း လွတ်လပ်စွာ သွားလာလုပ်ကိုင်ခွင့်ပြုရေး။

**ဒေသတွင်းနိုင်ငံများအချင်းချင်း ချိတ်ဆက်၍ စီးပွားရေးဆက်စပ်ဆောင်ရွက်မှု**

၃၃။ ဒေသတွင်းနိုင်ငံများအချင်းချင်း ချိတ်ဆက်၍ စီးပွားရေးအရ ဆက်စပ်ဆောင်ရွက်သင့်သော အောက်ဖော်ပြပါ စက်မှုလုပ်ငန်းများကို နိုင်ငံအလိုက် အားသာချက်များအပေါ် မူတည်၍ ပူးပေါင်းနိုင်ရေး လေ့လာဆောင်ရွက်သွားမည် ဖြစ်ပါသည် -

(က) **အသစ်စတင်သင့်သောလုပ်ငန်းများ**

(၁) မြန်မာ - ကားအစိတ်အပိုင်း၊ မော်တော်ဆိုင်ကယ်အစိတ်အပိုင်း၊ စက်အစိတ်အပိုင်း၊ လျှပ်စစ်အစိတ်အပိုင်းလုပ်ငန်း၊

(၂) ထိုင်း - ကားထုတ်လုပ်ငန်း၊ လျှပ်စစ်အစိတ်အပိုင်းလုပ်ငန်း၊ ရှူးဖိနပ်လုပ်ငန်း၊

(၃) လာအို - ကားအစိတ်အပိုင်းလုပ်ငန်း၊ လျှပ်စစ်အစိတ်အပိုင်းလုပ်ငန်း၊

(၄) ကမ္ဘောဒီးယား - ကားအစိတ်အပိုင်းလုပ်ငန်း၊ အထည်လုပ်ငန်း၊ ရှူးဖိနပ်လုပ်ငန်း၊

(၅) ဗီယက်နမ် - တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်း၊ လျှပ်စစ်အစိတ်အပိုင်းလုပ်ငန်း၊ ချည်မျှင်လုပ်ငန်း၊ အထည်လုပ်ငန်း၊ ရှူးဖိနပ်လုပ်ငန်း။

(ခ) **Supply Chain ကုန်ထုတ်လုပ်ငန်းများ**

(၁) ကမ္ဘောဒီးယား - လယ်ယာထွက် စားသောက်ကုန်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊

(၂) လာအို - စားသောက်ကုန်ထုတ်လုပ်ငန်း၊

(၃) မြန်မာ - လယ်ယာထွက်စားသောက်ကုန်လုပ်ငန်း၊ အီလက်ထရောနစ်အစိတ်အပိုင်းလုပ်ငန်း၊

(၄) ထိုင်း - လူသုံးကုန်လုပ်ငန်းနှင့် ကားထုတ်လုပ်ငန်း၊

(၅) ဗီယက်နမ် - အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်ငန်း။

(ဂ) **သယံဇာတအခြေခံကုန်ထုတ်လုပ်ငန်းများ**

(၁) ကမ္ဘောဒီးယား - ရေအားလျှပ်စစ်လုပ်ငန်း၊

(၂) လာအို - ရေအားလျှပ်စစ်လုပ်ငန်း၊ LNG နှင့် သတ္တုတူးဖော်ရေးလုပ်ငန်း၊

(၃) မြန်မာ - လုပ်အားအခြေပြုလုပ်ငန်း၊ LNG နှင့် တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စွမ်းအင်၊ သစ်အခြေခံထုတ်ကုန်နှင့် ကျောက်မျက်လုပ်ငန်း၊

(၄) ထိုင်း - အရည်အသွေးမြှင့်အထည်ချုပ်၊ အီလက်ထရောနစ်ပစ္စည်းနှင့် ကားအစိတ်အပိုင်းလုပ်ငန်း၊

(၅) ဗီယက်နမ် - လုပ်အားအခြေပြုလုပ်ငန်း။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ရေးအတွက် အခြေခံလိုအပ်ချက်များ**

၃၄။ မြန်မာနိုင်ငံသည် အာဆီယံဒေသကြီးအတွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်မှုရှိသည့် နေရာတစ်ခုအဖြစ် ပေါ်ထွက်လာစေရန် အောက်ပါအခြေခံလိုအပ်ချက်များ ပြည့်စုံရေးကို ဦးစားပေး ဆောင်ရွက်ရန်နှင့် အခွန်အကောက်ကင်းလွတ်ခွင့်နှင့်စပ်လျဉ်း၍ တည်ဆဲနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ အချက်များအရ ဆောင်ရွက်ခွင့်ပြုရန်ဖြစ်ပါသည် -

(က) **Electronics လုပ်ငန်းများ**

(၁) လုပ်သားလစာနှင့် နည်းပညာ

(၂) ဆိပ်ကမ်းနှင့် ဈေးကွက်ချဉ်းကပ်လမ်း

(၃) နိုင်ငံရေးတည်ငြိမ်မှု၊

(၄) ဈေးကွက်၊

(၅) သင့်လျော်သောအခွန်အကောက်။

(ခ) **ယာဉ်ယန္တရားနှင့် အစိတ်အပိုင်းများ ထုတ်လုပ်တပ်ဆင်မှုလုပ်ငန်းများ**

(၁) ပြည်တွင်းဈေးကွက်အရွယ်အစား၊

(၂) ဆိပ်ကမ်းနှင့်ဈေးကွက်သို့ ချဉ်းကပ်လမ်း၊

(၃) လုပ်သားလစာနှင့် နည်းပညာ၊

(၄) အခွန်အကောက်ကင်းလွတ်ခွင့်။

(ဂ) **လုပ်သားအခြေပြုစက်မှုလုပ်ငန်းများနှင့် လက်ခစားလုပ်ငန်းများ**

(၁) စွမ်းအင်ဈေးနှုန်း၊

(၂) သင့်တင့်မျှတသော မြေဈေးနှုန်း (ဝယ်ခြင်း၊ ငှားခြင်း)၊

(၃) အခွန်အကောက်ကင်းလွတ်ခွင့်၊

(၄) သင့်တင့်မျှတသော လုပ်ခလစာ၊

(၅) နိုင်ငံရေးတည်ငြိမ်မှု၊

(၆) အရည်အသွေးမြှင့်တင်ရေး အထောက်အကူပြုစက်ရုံများ။

**ထုတ်လုပ်မှုစွမ်းရည်နှင့် အရည်အသွေးတိုးမြှင့်ရေး**

၃၅။ စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှု စွမ်းရည်တိုးမြှင့်ရေးနှင့် အရည်အသွေးတိုးမြှင့်ရေးအတွက် အောက်ပါတို့အား ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) စက်မှုလုပ်ငန်းများ တိုးတက်ရေးကို ဟန်ချက်ညီစွာဆောင်ရွက်ရန် အောက်ပါတို့အား ဖွဲ့စည်းဆောင်ရွက်ရပါမည် -

(၁) စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီ၊

(၂) ဖွံ့ဖြိုးရေးအတွက် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းအဖွဲ့များ၊ အတိုင်ပင်ခံအဖွဲ့များ၊

(၃) ကုန်ထုတ်လုပ်မှုအဆင့်တိုင်းတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် နည်းပညာဝန်ဆောင်မှုပေးသည့် လုပ်ငန်းအဖွဲ့များ။

(ခ) နိုင်ငံပိုင်စက်ရုံများအနက် အကျိုးအမြတ်ရှိပြီး နိုင်ငံတော်၏မူဝါဒအရ အမြဲတမ်း ထိန်းသိမ်းဆောင်ရွက်ရန်မလိုအပ်သည့်စက်မှုလုပ်ငန်းများအား ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်၊

(ဂ) မိုက်ခရို၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအနေဖြင့် ပြည်တွင်း၊ ပြည်ပ စက်မှုလုပ်ငန်းကြီးများနှင့် ချိတ်ဆက်၍ အထောက်အကူပြု စက်အစိတ်အပိုင်းများ ထုတ်လုပ်ပေးခြင်းအားဖြင့် Supply Chain အတွင်းသို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတကာမှ စက်မှုလုပ်ငန်းကြီးများ လာရောက်လုပ်ကိုင်စေနိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊

(င) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ထပ်မံလိုအပ်လာမည့် စွမ်းအင်ကဏ္ဍအား ဖြည့်ဆည်းပေးနိုင်ရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊

(စ) ထုတ်လုပ်မှုလုပ်ငန်းများတွင် Computer Aided Design (CAD), Computer Aided Manufacturing (CAM) နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ပံ့ပိုးကူညီပေးရန်၊

(ဆ) စံချိန်စံညွှန်း၊ နည်းပညာ၊ ထုတ်လုပ်မှုစွမ်းရည်၊ အခက်အခဲများနှင့် သက်ဆိုင်သည့် သင်တန်းနှင့် ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး ပံ့ပိုးပေးရန်၊

(ဇ) စက်မှုထုတ်ကုန်များ၏ အရည်အသွေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးရန်၊

(ဈ) အထောက်အကူပြု စက်မှုလုပ်ငန်းများ (Supporting Industries) ပေါ်ထွန်းလာရေး ကူညီပံ့ပိုး ပေးရန်။

**သတင်းအချက်အလက်စနစ်နှင့် Business Development Service (BDS) လုပ်ငန်းများပေါ်ထွန်းရေး**

၃၆။ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အောက်ပါသတင်းအချက်အလက်စနစ်နှင့် Business Development Service လုပ်ငန်းများ ပေါ်ထွန်းစေရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

(က) စက်မှုကဏ္ဍနှင့်သက်ဆိုင်သည့် နည်းပညာ၊ သတင်းအချက်အလက်၊ ဈေးကွက်အခြေအနေ စသည့်အချက်များအား အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်မည့် webportal တစ်ခု ထူထောင်ခြင်းနှင့် မီဒီယာများကို အသုံးပြုခြင်း၊

(ခ) အွန်လိုင်းစနစ်များအသုံးပြု၍ စက်မှုလုပ်ငန်းများနှင့် အဖွဲ့အစည်းများအကြား အပြန်အလှန် ဆက်သွယ်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊

(ဂ) အင်တာနက်မြန်နှုန်း သင့်လျော်ကောင်းမွန်စေခြင်း၊

(ဃ) စီးပွားရေးအတိုင်ပင်ခံ၊ အကြံပေးအဖွဲ့များနှင့် Business Development Service များ ထူထောင်နိုင်ရန် အားပေးကူညီခြင်း၊

(င) အတိုင်ပင်ခံအဖွဲ့များဖွဲ့စည်း၍ အောက်ပါအဆင့်များအတိုင်း ဆောင်ရွက်စေခြင်း -

(၁) **ပထမဆင့်။** မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးပေးခြင်း၊

(၂) **ဒုတိယဆင့်။** လုပ်ငန်းခွင်သို့ အတိုင်ပင်ခံစေလွှတ်၍ သုံးသပ်ဆွေးနွေးခြင်း၊

(၃) **တတိယဆင့်။** အကျိုးဖြစ်ထွန်းမှုအတွက် စီမံကိန်းစာတမ်းပြုစုပေးခြင်း။

(စ) Business Development Service အဖွဲ့အစည်းများအတွက် ကျင့်ဝတ်များ ပြဋ္ဌာန်းပေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း။

**အားနည်းသောစက်မှုလုပ်ငန်းများ ဆက်လက်ရှင်သန်ရေး**

၃၇။ အကြီးစား၊ အလတ်စား စက်မှုလုပ်ငန်းများအနက် အားနည်းပြီး ဆက်လက်ရှင်သန်ရန် အခက်အခဲ ရှိသော်လည်း အလားအလာကောင်းသော စက်မှုလုပ်ငန်းများကို ပြန်လည်ဖွဲ့စည်းရေး၊ အင်အားဖြည့်တင်း ထောက်ပံ့ရေးများကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃၈။ စက်မှုလုပ်ငန်းတစ်ခုသည် အားနည်းသော စက်မှုလုပ်ငန်းအဖြစ် လျှောက်ထားလာပါက ဥပဒေ သတ်မှတ်ချက်နှင့်အညီ စိစစ်၍ ပြန်တမ်းထုတ်ပြန်ကြေညာပေးပြီး အခွန်လျှော့ပေါ့ခြင်း၊ ကင်းလွတ်ခြင်းများ ရရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

## အခန်း (၆)
## စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များတွင် စက်မှုလုပ်ငန်းများ ထူထောင်ရေး

၃၉။ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များတွင် စက်မှုလုပ်ငန်းများ အောင်မြင်စွာ ထူထောင်နိုင်ရေး အတွက် အောက်ပါအဓိကသော့ချက်များကို ဘက်စုံထောင့်စုံမှ လေ့လာသုံးသပ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါသည် -

(က) **အမျိုးသားဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ။** အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (NCDP)၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ စက်မှုဇုန်ဥပဒေနှင့်

အထူးစီးပွားရေးဇုန်ဥပဒေတို့ကို ဦးဆောင်လမ်းပြအဖြစ် စီးပွားရေးလုပ်ငန်းရှင်၊ စက်မှုလုပ်ငန်းရှင်တို့အား ကျယ်ပြန့်စွာ ကျွမ်းဝင်သိရှိစေမည် ဖြစ်ပါသည်။

(ခ) **တည်နေရာနှင့်အနေအထား။** ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် အောက်ပါအင်္ဂါရပ်များ ပြည့်စုံရန် လိုအပ်မည် ဖြစ်ပါသည် -

(၁) ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်နိုင်သည့်နေရာ၊

(၂) ရေအရင်းအမြစ်ကောင်းမွန်သည့်နေရာ၊

(၃) လျှပ်စစ်ဓာတ်အားကောင်းမွန်စွာရသည့်နေရာ၊

(၄) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး (ICT နည်းပညာအပါအဝင်) ကောင်းမွန်သည့်နေရာ၊

(၅) လုပ်သားအင်အား လုံလောက်စွာရရှိနိုင်သည့်နေရာ၊

(၆) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံနိုင်သည့်နေရာ၊

(၇) ကုန်းလမ်း၊ ရေကြောင်း၊ လေကြောင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်နေရာ။ (ဥပမာ-အမြန်လမ်းမကြီးများ၊ လေဆိပ်ကြီးများနှင့် နီးကပ်သည့်နေရာ)

(ဂ) **Cluster အစုအဖွဲ့များ ဖွဲ့စည်းရေး။** လုပ်ငန်းတူ၊ ဒေသတူ၊ ထုတ်ကုန်ရည်မှန်းချက်တူသော စက်မှုလုပ်ငန်းများ စုပေါင်းဖွဲ့စည်းရေးဖြစ်ပါသည်။ Cluster အစုအဖွဲ့အနေဖြင့် နည်းပညာ၊ ငွေကြေး၊ ဈေးကွက်၊ တီထွင်ဆန်းသစ်မှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့ကို စုပေါင်းလုပ်ဆောင်ခြင်းဖြင့် အကျိုးရလဒ်များ လျင်မြန်စွာရရှိနိုင်မည်။ စီးပွားရေးလုပ်ငန်းများတွင် မကြာခဏကြုံတွေ့ခံစားရသော သတင်းနှင့်အသိပညာ ကွာဟချက်များကို ဖြည့်စွက်နိုင်ရေးအတွက် ချိတ်ဆက်ပေးခြင်း၊ အထောက်အကူပြုခြင်းနှင့် အစုအဖွဲ့ ဖွဲ့စည်းခြင်းများကို ဆောင်ရွက်ရန် လိုအပ်သည်။ စက်မှုဇုန်များ၊ Cluster Industrial Park များ တည်ထောင်၍ ထုတ်လုပ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နည်းပညာပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် လိုအပ်သည်။ စက်မှုဇုန်အတွင်း စက်မှုလုပ်ငန်းအစုအဖွဲ့ (Cluster) တစ်ခုချင်းစီ၏လိုအပ်ချက်များကို လုပ်ငန်းရှင်များနှင့် အထူးစီးပွားရေးဇုန်အတွင်း သဘောထားရယူ၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

(ဃ) **အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း။** ဇုန်များအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည့်စုံလုံလောက်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါလုပ်ငန်းစဉ်များကို လုပ်ဆောင်သွားရန် လိုအပ်မည် ဖြစ်ပါသည် -

(၁) Master Plan ပြုစုခြင်း၊

(၂) Developer များ ဖိတ်ခေါ်၍ ရွေးချယ်ခြင်း၊

(၃) လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းခြင်း၊

(၄) Master Plan နှင့် လုပ်ထုံးလုပ်နည်းများကို အသက်ဝင်စေခြင်း၊

(၅) မြေခွန်၊ အိမ်ခွန်၊ အဆောက်အအုံခွန်တို့ကို စည်းကြပ်ရန် အစိုးရနှင့် ညှိနှိုင်းခြင်း၊

(၆) ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဇုန်အတွင်းတိုးချဲ့ခြင်း၊

(၇) အစိုးရနှင့် Stakeholder များအကြား ညှိနှိုင်းဆောင်ရွက်ခြင်း။

(င) **စီမံခန့်ခွဲမှု။** စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းနှင့် တာဝန်ခံပုဂ္ဂိုလ်များကို ဖွဲ့စည်းတာဝန်ပေးအပ်ရပါမည် -

(၁) စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (ဒေသဆိုင်ရာအဆင့်)၊

(၂) စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ (BOD) (သက်ဆိုင်ရာစက်မှုဇုန်အဆင့်)၊

(၃) စက်မှုဇုန်အုပ်ချုပ်ရေးမှူး (CEO) ရုံး (သက်ဆိုင်ရာစက်မှုဇုန်အဆင့်)၊

(၄) နိုင်ငံသား (သို့မဟုတ်) နိုင်ငံခြားသား (သို့မဟုတ်) နိုင်ငံသား၊ နိုင်ငံခြားသား ဖက်စပ်စက်မှုဇုန်ရင်းနှီးတည်ဆောက်သူ (Developer)၊

(၅) စက်မှုဇုန်စောင့်ကြည့်သုံးသပ်ရေးအဖွဲ့၊

(၆) စက်မှုဇုန် တစ်နေရာတည်း ဝန်ဆောင်မှုပေးသောအဖွဲ့။

(စ) **ဈေးကွက်ရှာဖွေခြင်းနှင့် မြှင့်တင်ခြင်း။** ဇုန်များအလိုက် ပြည်တွင်း ပြည်ပ ဈေးကွက်လေ့လာရေးနှင့် မြှင့်တင်ရေးအဖွဲ့များ ပေါ်ထွန်းရေးကို အားပေးကူညီသွားရန် ဖြစ်ပါသည်။

(ဆ) **စက်မှုဇုန်အတွင်း မြေအသုံးချမှု။** စက်မှုဇုန်များ တည်ထောင်ရာတွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် စက်ရုံအလုပ်ရုံများ၏ စွန့်ပစ်ပစ္စည်းများ ပြန်လည်သန့်စင်ရေးတို့ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဇုန် သတ်မှတ်ဧရိယာအတွင်း စိမ်းလန်းရေးဇုန်၊ ကုန်သွယ်ရေးဇုန်၊ စက်မှုလုပ်ငန်းဇုန်၊ လမ်း၊ မီး၊ ရေ၊ ရေဆိုးစွန့်စနစ် စသည်တို့ကို သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဆိုင်ရာ လေ့လာဆန်းစစ်ချက်များအရ ထိုက်သင့်သည့်ဧရိယာအချိုးအစားများအတိုင်း နေရာချထားနိုင်ရေး ဆောင်ရွက်ရပါမည်။

(ဇ) မိုက်ခရို၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအား အထောက်အကူပြု စက်မှုလုပ်ငန်းများ (Supporting Industries) ဖြစ်လာစေရေးအတွက် အားပေးကူညီသွားရန် ဖြစ်ပါသည်။

၄၀။ **တစ်နေရာတည်းမှ ဝန်ဆောင်မှုပေးသောအဖွဲ့။** စက်မှုဇုန်များအတွင်း အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ "One Stop Service" အဖွဲ့ကို ဖွဲ့စည်း၍ အောက်ပါတို့အား ညှိနှိုင်းဆောင်ရွက်ပေးရမည် ဖြစ်ပါသည် -

(က) လုပ်ငန်းစတင်နိုင်ရန် သတင်းအချက်အလက်နှင့် လုပ်ထုံးလုပ်နည်းများ ဖြန့်ဝေခြင်း၊

(ခ) လုပ်ငန်းခွင့်ပြုမိန့်၊ လိုင်စင်၊ ထောက်ခံချက်၊ မှတ်ပုံတင်ထုတ်ပေးခြင်း၊

(ဂ) နိုင်ငံသား၊ နိုင်ငံခြားသား ကုမ္ပဏီမှတ်ပုံတင်ခြင်း၊

(ဃ) ပြည်ဝင် ဗီဇာရရှိရေး ညှိနှိုင်းပေးခြင်း၊

(င) ကုန်သွယ်ခွန်နှင့် အကောက်ခွန်စည်းကြပ်ခြင်း၊

(စ) အလုပ်သမားပါမစ်ပေးခြင်း၊

(ဆ) နည်းပညာ၊ ဈေးကွက်နှင့် ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ ထုတ်ပေးခြင်း။

၄၁။ စက်မှုဇုန်များတွင် မြေဈေးကစားမှု အလေ့အကျင့်ကို လျှော့နည်းစေပြီး ရေရှည်တွင် စီးပွားရေးစွန့်ဦးတီထွင်မှုများ တိုးပွားစေရန်အတွက် ၃ နှစ်အတွင်း စက်မှုလုပ်ငန်း မထူထောင်လျှင် လျော်ကြေးတစ်စုံတစ်ရာမပေးဘဲ ပြန်လည်သိမ်းယူခြင်းစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပါသည်။

၄၂။ ၁၉၉၅ ခုနှစ် ခန့်မှစ၍ စက်မှုဇုန်များကို ဖွဲ့စည်းပေးခဲ့ရာ အောက်ပါစက်မှုဇုန်များကို တည်ထောင်ပေးခဲ့ပြီး ဖြစ်ပါသည် - **နောက်ဆက်တွဲ (ဃ)**

(က) ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်

(ခ) ရန်ကုန်အနောက်ပိုင်းခရိုင် စက်မှုဇုန်

(ဂ) ရန်ကုန်တောင်ပိုင်းခရိုင် စက်မှုဇုန်

(ဃ) ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုဇုန်

(င) မော်လမြိုင် စက်မှုဇုန်

(စ) တောင်ကြီး (အေးသာယာ) စက်မှုဇုန်

(ဆ) မုံရွာ စက်မှုဇုန်

(ဇ) ကလေး စက်မှုဇုန်

(ဈ) ပခုက္ကူ စက်မှုဇုန်

(ည) ရေနံချောင်း စက်မှုဇုန်

(ဋ) မန္တလေး စက်မှုဇုန်

(ဌ) မြင်းခြံ စက်မှုဇုန်

(ဍ) မိတ္ထီလာ စက်မှုဇုန်

(ဎ) ပြည် စက်မှုဇုန်

(ဏ) မြောင်းမြ စက်မှုဇုန်

(တ) ပုသိမ် စက်မှုဇုန်

(ထ) ဟင်္သာတ စက်မှုဇုန်

(ဒ) မြိတ် စက်မှုဇုန်

(ဓ) ဘားအံ စက်မှုဇုန်

(န) ရတနာပုံ စက်မှုဇုန် (မန္တလေးတိုင်းဒေသကြီး)

(ပ) နေပြည်တော် စက်မှုဇုန်

၄၃။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် စက်မှုဇုန်အသစ်များ ထူထောင်ရေးကိုလည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ဒေသန္တရလိုအပ်ချက်နှင့်အညီ အဆိုပြုတင်ပြဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

## စိုက်ပျိုးရေးထုတ်ကုန် စက်မှုဇုန်များထူထောင်ရေး

၄၄။ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်သောဒေသများတွင် စိုက်ပျိုးရေးထုတ်ကုန် စက်မှုဇုန်များ တည်ထောင်ရေးကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ဖြစ်နိုင်ခြေများကို လေ့လာ၍ တည်ထောင်ပေးရမည် -

(က) **စစ်ကိုင်းတိုင်းဒေသကြီး။** စစ်ကိုင်း၊ မုံရွာနှင့် ကလေးစက်မှုဇုန်တို့ ရှိသည်။ စစ်ကိုင်းဇုန်တွင် ဆန်၊ ဆန်ထွက်ပစ္စည်း၊ ဂျုံ၊ ဂျုံထွက်ပစ္စည်း၊ ဆီထွက်ပစ္စည်း ထုတ်လုပ်ပြီး မုံရွာနှင့် ကလေးစက်မှုဇုန်တို့ကို အိန္ဒိယ-တမူး-ကလေး-မုံရွာ-မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-မိုင်းလား/တာချီလိတ်-လာအို/ထိုင်းတို့နှင့်ဆက်သွယ်ပြီး ပြည်တွင်း ပြည်ပကုန်သွယ်ရေးလုပ်ငန်းများ လုပ်ဆောင်သင့်ပါသည်။

(ခ) **ပဲခူးတိုင်းဒေသကြီး။** ပဲခူး၊ ပြည်စက်မှုဇုန်တို့မှ ဆန်နှင့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံထုတ်လုပ်ပြီး သီလဝါ-ပဲခူး-နေပြည်တော်-မိတ္ထီလာ-မန္တလေး-မြစ်ကြီးနား-ကန်ပိုက်တီး၊ ယူနန်ပြည်နယ် တရုတ်နိုင်ငံသို့ ဆက်သွယ်တင်ပို့သင့်ပါသည်။

(ဂ) **မကွေးတိုင်းဒေသကြီး**။ ပခုက္ကူစက်မှုဇုန်နှင့် ရေနံချောင်းစက်မှုဇုန်တို့ ပါဝင်ပါသည်။ မကွေးမြို့ တစ်ဝိုက်တွင် ပြန့်ကျဲနေသည့် မိုက်ခရိုနှင့် အသေးစားစက်မှုလုပ်ငန်းများကို စုပေါင်းဖွဲ့စည်းကာ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် ဝါတို့ကို အခြေခံသော ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်သည့် စိုက်ပျိုးရေးထုတ်ကုန်စက်မှုဇုန် ထူထောင်သင့်ပါသည်။ ကျောက်ဖြူ-မကွေး-မိတ္ထီလာ-မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ် စင်္ကြံတစ်လျှောက် ထုတ်ကုန်များတင်ပို့သင့်ပါသည်။

(ဃ) **ဧရာဝတီတိုင်းဒေသကြီး**။ ဟင်္သာတ၊ ပုသိမ်၊ မြောင်းမြ စက်မှုဇုန်တို့ပါဝင်ပြီး ဇုန်အသီးသီးမှ ဆန်၊ ပဲမျိုးစုံ၊ ပီလောပီနံများထုတ်လုပ်ပြီး ထုတ်ကုန်များကို ပုသိမ်ရေနက်ဆိပ်ကမ်းမှ ပြည်ပနိုင်ငံအသီးသီးသို့ တင်ပို့နိုင်ရန် ဆောင်ရွက်သင့်ပါသည်။

(င) **တနင်္သာရီတိုင်းဒေသကြီး**။ ထားဝယ်နှင့် မြိတ်စက်မှုဇုန်တို့ပါဝင်ပြီး ဇုန်အသီးသီးမှ ထုတ်ကုန်များကို ထားဝယ်ရေနက်ဆိပ်ကမ်းမှ ပြည်ပနိုင်ငံအသီးသီးသို့ ဆက်သွယ်ပို့ဆောင်သင့်ပါသည်။

၄၅။ စိုက်ပျိုးရေးထုတ်ကုန်စက်မှုဇုန်အတွင်း အောက်ပါအတိုင်း ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်ရမည် -

(က) **အခြေခံစားကုန်စက်ရုံများ**။ အခြေခံစားကုန်စက်ရုံများ တစ်ဆက်တစ်စပ်တည်း နေရာချထားပေးရမည်။ ယင်းစက်ရုံများသည် ထုတ်လုပ်မှု လုပ်ငန်းစဉ်အတွက် ရေအနည်းငယ်သာလိုအပ်ပြီး ခြောက်သွေ့သည့် စွန့်ပစ်ပစ္စည်းများ ထွက်ရှိသည့် စက်ရုံအမျိုးအစားများ ဖြစ်ပါသည်။ (ဥပမာ- ဆီထွက်သီးနှံ အခွံချွတ်ခြင်း၊ ဆန်စက်နှင့် ပဲကြိတ်စက် စသည်တို့)

(ခ) **တန်ဖိုးမြှင့်စားကုန်စက်ရုံများ**။ အခြေခံစားကုန်စက်ရုံများနှင့် ဆက်စပ်၍ တန်ဖိုးမြှင့်စားကုန်စက်ရုံများကို တစ်စုတစ်စည်းတည်း နေရာချထားပေးရမည်။ ယင်းစက်ရုံများသည် ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် ရေအသင့်အတင့်လိုအပ်ပြီး စိုစွတ်သည့် စွန့်ပစ်ပစ္စည်းများ ထွက်ရှိသည့် စက်ရုံအမျိုးအစားများ ဖြစ်ပါသည်။ (ဥပမာ-ဟင်းရွက်ဆီ၊ ဟင်းမွှေးအဆီနှင့် ရေမွှေးဆီလုပ်ငန်း စသည်တို့)

(ဂ) **ပြုပြင်ပြီးစားသောက်ကုန်စက်ရုံများ**။ ပြုပြင်ပြီးစားသောက်ကုန် စက်ရုံများအုပ်စုကိုမူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲနိုင်သည့် သင့်လျော်ကျယ်ဝန်းသော မြေနေရာတွင် နေရာချထားပေးရမည်။ ယင်းစက်ရုံများသည် ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် ရေများစွာလိုအပ်ပြီး စိုစွတ်သည့် စွန့်ပစ်ပစ္စည်းများ ထွက်ရှိသည့် စက်ရုံအမျိုးအစားများဖြစ်ပါသည်။ (ဥပမာ-မုန့်ဖုတ်လုပ်ငန်း၊ ကိတ်မုန့်လုပ်ငန်း၊ မဆလာလုပ်ငန်း၊ သစ်သီးယိုစုံလုပ်ငန်း စသည်တို့)

၄၆။ စိုက်ပျိုးရေးထုတ်ကုန်စက်မှုဇုန်တို့တွင် အခြေခံအဆောက်အအုံများကို အောက်ပါအတိုင်း မျှဝေလုပ်ဆောင်ရန် လိုအပ်ပါသည် -

(က) မျိုးရိုးဗီဇမြှင့်တင်သည့် မွေးမြူရေးဓာတ်ခွဲခန်းနှင့် မျိုးစေ့ထုတ်လုပ်ခြင်း၊

(ခ) Cold Storage Yard များ၊

(ဂ) စိုက်ပျိုးရေးထုတ်ကုန်အရည်အသွေး ဓာတ်ခွဲခန်းများ၊

(ဃ) အရည်အသွေးစစ်ဆေးခြင်းနှင့် ကူးစက်ရောဂါစစ်ဆေးခြင်း၊

(င) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊

(စ) အခြားကုန်သွယ်ရေးအထောက်အပံ့များ။

၄၇။ **နယ်စပ်စက်မှုဇုန်နှင့် စီးပွားရေးဇုန်များ တည်ထောင်ရေး**။ နယ်စပ်စက်မှုဇုန်များနှင့် စီးပွားရေးဇုန်များသည် အိမ်နီးချင်းနိုင်ငံများနှင့် အလှမ်းမကွာဝေးသည့်အပြင် စီးပွားရေးစင်္ကြံများနှင့်လည်း နီးကပ်စွာတည်ရှိသဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တည်ထောင်ရန် အလားအလာရှိသည့် နေရာများကို စိစစ်ရွေးချယ်ရမည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်နှင့်အညီ အောင်မြင်စွာအကောင်အထည်

ဖော်နိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှု၊ လက်ခစား (CMP) လုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ကုန်ပစ္စည်းချိတ်ဆက်တင်ပို့မှုနှင့် လူသုံးကုန်စက်မှု လုပ်ငန်းများကို ဒေသန္တရလိုအပ်ချက်နှင့်အညီ လုပ်ဆောင်ရန် ဖြစ်ပါသည်။

**အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး**

၄၈။ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများအား အထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်ရာတွင် အောက်ပါ အထူးစီးပွားရေးဇုန်များကို သတ်မှတ်အကောင်အထည်ဖော်လျက် ရှိပါသည် -

(က) **ထားဝယ်အထူးစီးပွားရေးဇုန်။** တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်မြစ်ဝတွင် တည်ရှိပြီး ဧရိယာ 204.5 $Km^2$ (၅၀,၅၃၁ ဧက) တွင် ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်ပါဝင်သည်။ ရထားလမ်း၊ ကားလမ်းများကိုတည်ဆောက်၍ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့သို့ တောင်ပိုင်း စီးပွားရေးစင်္ကြံအဖြစ် ချိတ်ဆက်သွားရန်နှင့် ထိုင်းနိုင်ငံ Kanchanaburi ပြည်နယ်သို့ Gas ပိုက်လိုင်း သွယ်တန်းရန် အစီအစဉ်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုအမြင့်မားဆုံး ဒေသတစ်ခု အဖြစ် ဖွံ့ဖြိုးလာစေမည်ဟု ရည်မှန်းထားပါသည်။

(ခ) **သီလဝါအထူးစီးပွားရေးဇုန်။** ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါဆိပ်ကမ်းအနီး တည်ရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၂၅ ကီလိုမီတာ၊ ရန်ကုန်မြို့တွင်း စီးပွားရေး အချက်အချာဒေသမှ ၃၀ ကီလိုမီတာ၊ ဒဂုံအရှေ့ပိုင်းစက်မှုဇုန်မှ ၂၄ ကီလိုမီတာ၊ အမှတ် (၁) အဝေးပြေးလမ်းမကြီးမှ ၅ ကီလိုမီတာနှင့် မြဝတီမြို့အနီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့အထိ (၄၆၅) ကီလိုမီတာ ကွာဝေးပါသည်။

(ဂ) **ကျောက်ဖြူအထူးစီးပွားရေးဇုန်။** ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တွင် တည်ရှိပြီး ဆိပ်ကမ်း မြို့တော်များဖြစ်သည့် စစ်တကောင်း၊ ရန်ကုန်၊ ကိုးလ်ကတ္တားမြို့တို့နှင့် ကုန်သွယ်မှုပြုရာ ဗဟိုအချက်အချာအဖြစ် အသုံးပြုနိုင်ပါသည်။ မန္တလေးမြို့ကိုဖြတ်၍ တရုတ်နိုင်ငံအနောက်ပိုင်း ယူနန်ဒေသ ကူမင်းမြို့အထိ ဆက်သွယ်မည့်လမ်းကြောင်းအတွက် အရေးပါပြီး ကျောက်ဖြူမြို့နှင့် တရုတ်နိုင်ငံ ရွှေလီမြို့တို့ကို ချိတ်ဆက်လမ်းဖောက်ရန် ရှိပါသည်။ ထို့အပြင် ကျောက်ဖြူမှ ကူမင်းအထိ ၁,၀၆၀ ကီလိုမီတာရှည်လျားသော ရေနံပိုက်လိုင်း သွယ်တန်းပြီး တစ်ရက်လျှင် ရေနံစည်ပေါင်း ၄ သိန်း ပို့ဆောင်နိုင်မည် ဖြစ်ပါသည်။

## အခန်း (၇)
## စက်မှုလုပ်ငန်းမူဝါဒ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အထောက်အပံ့ပြုရမည့် နယ်ပယ်များ

၄၉။ စက်မှုလုပ်ငန်းမူဝါဒ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အထောက်အပံ့ပြုရမည့် အောက်ပါ နယ်ပယ်များကိုလည်း ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

(က) လူ့စွမ်းအားအရင်းအမြစ်၊

(ခ) နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှု၊

(ဂ) ငွေကြေးထောက်ပံ့မှု၊

(ဃ) အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှု၊

(င) ဈေးကွက်တိုးချဲ့နိုင်မှု၊

(စ) အခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့မှု၊

## လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း

၅၀။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်း(NGO)၊ စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များနှင့် စက်မှုဇုန်များ ညှိနှိုင်းပေါင်းစပ်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

(က) ကျွမ်းကျင်လုပ်သားမွေးထုတ်ရေး အစီအစဉ်များအတွက် ရင်းနှီးမြှုပ်နှံသူများကို သင့်လျော်သည့် အကာအကွယ်များ၊ အခွင့်အရေးများရရှိရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အောက်ပါအဖွဲ့အစည်းများဖွဲ့စည်း၍ ဆောင်ရွက်ခြင်း-

(၁) မြန်မာနိုင်ငံစက်မှုလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့အစည်း (Myanmar Industrial Management Institution)

(၂) နည်းပညာနှင့် စွမ်းရည်ဖွံ့ဖြိုးရေးလေ့ကျင့်သင်ကြားမှုဗဟိုဌာန

(၃) မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ရေးအဖွဲ့

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စက်မှုလုပ်ငန်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ အလုပ်သမားဥပဒေဆိုင်ရာသင်တန်းနှင့် ပြည်ပသင်တန်းများ စေလွှတ်ခြင်း၊

(ဃ) Skill နှင့် Semi Skill လုပ်သားများ အချိုးညီတိုးပွားရေးအတွက် ပြည်ပကျွမ်းကျင်လုပ်သားများ ငှားရမ်း၍ ပူးတွဲလေ့ကျင့်သင်ကြားပေးခြင်း၊

(င) အရည်အချင်းမီ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ၏ လက်ရှိနှင့် အနာဂတ်လိုအပ်ချက်နှင့် ကိုက်ညီသော လုပ်သားတို့ကို မွေးထုတ်ပေးခြင်း၊

(စ) ပြည်တွင်းရှိ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းကျောင်းများမှ လက်မှတ်များကို အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများအား အပြည်ပြည်ဆိုင်ရာစံချိန်မီဖြစ်ရန် ပြင်ဆင်ခြင်း၊

(ဆ) ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ မြှင့်တင်ပေးနိုင်ရေးအတွက် မိတ်ဖက်နိုင်ငံများ၏ အကူအညီ အထောက်အပံ့ဖြင့် National Productivity Centre များ တည်ထောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဇ) အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်သော ဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့် မဆန့်ကျင်သော အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန်တာဝန်သိစောင့်ရှောက်မှုဆိုင်ရာ ကျင့်ဝတ်များ ပြဋ္ဌာန်းခြင်း၊

(စျ) သက်မွေးသင်တန်းကျောင်းများနှင့် အဖွဲ့အစည်းများသည် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်း -

(၁) စီမံခန့်ခွဲမှု၊ စာရင်းအင်းနှင့် လုပ်ငန်းခွင်ကြီးကြပ်ရေးသင်တန်း၊

(၂) လျှပ်စစ်၊ အီလက်ထရောနစ်နှင့် ICT နည်းပညာသင်တန်း၊

(၃) စက်မှုဒီဇိုင်းနှင့် အင်ဂျင်နီယာနည်းပညာသင်တန်း၊

(၄) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်း၊

(၅) ဂဟေဆက် နည်းပညာသင်တန်း၊

(၆) အခြေခံအင်္ဂလိပ်စာနှင့် စကားပြောသင်တန်း၊

(၇) မော်တော်ဆိုင်ကယ်နှင့် လယ်ယာသုံးစက်ကိရိယာများ ပြုပြင်နည်းပညာသင်တန်း။

(ည) အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် လူငယ်လူရွယ်များအတွက် သင့်လျော်ရာ အလုပ်အကိုင်များ ဖန်တီးခြင်း၊

(ဍ) ပညာရေးချို့တဲ့သော အလုပ်သမားတို့အား အခြေခံအလုပ်သမားသင်တန်းများပေးပြီး မြို့ပြယဉ်ကျေးမှုကျင့်ဝတ်များကို သင်ကြားပေးခြင်း၊

(ဎ) စက်မှုဇုန်နှင့် စီးပွားရေးဇုန်တို့တွင် အသက်မွေးသင်တန်းများ အခမဲ့ဖွင့်လှစ်သင်ကြားပေးခြင်း။

## နည်းပညာနှင့် တီထွင်ဖန်တီးတတ်မှုများ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း

၅၁။ နည်းပညာနှင့် တီထွင်ဖန်တီးတတ်မှုများ ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO)၊ စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် စက်မှုဇုန်များ ညှိနှိုင်းပေါင်းစပ်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

(က) အရည်အသွေး စီမံခန့်ခွဲမှုစနစ်များ ထွန်းကားလာရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ အဆင့်မြင့်လာရေး၊ နည်းပညာရရှိရေးနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် ဦးစားပေးဆောင်ရွက်ခြင်း၊

(ဂ) တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းများဖွင့်လှစ်ခြင်း၊

(ဃ) ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်မည့်ဌာနများ ဖွဲ့စည်းခြင်းနှင့် ကြားခံအဖွဲ့အစည်း (Coordinator) က ညှိနှိုင်းဆက်စပ်ပေးခြင်း၊

(င) သဘာဝအရင်းအမြစ် (Natural Resources) များကို အသုံးပြု၍ ပြည်တွင်းတွင် တန်ဖိုးမြင့်ကုန်ပစ္စည်း (Value-added Product) ထုတ်လုပ်ပြီးမှသာ ပြည်ပသို့တင်ပို့စေခြင်း၊ (ဥပမာ-သစ်၊ ရေထွက်ပစ္စည်း၊ ဓာတ်သတ္တုစသည်)

(စ) နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO, HACCP, GMP စသည့် လက်မှတ်များ) ရရှိရေးအတွက် သင့်တင့်သောကုန်ကျစရိတ် ထောက်ပံ့ခြင်း၊

(ဆ) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေမှ ဇီဝနည်းပညာ၊ ICT နည်းပညာ၊ စက်ပစ္စည်းအသစ်အဆန်းများ စွမ်းအင်အစားထိုးနည်းပညာနှင့် စိုက်ပျိုးရေးနည်းပညာမှတ်တမ်းများ ထိန်းသိမ်းရန် သင့်တင့်သောကုန်ကျစရိတ် ထောက်ပံ့ခြင်း၊

(ဇ) မူပိုင်ခွင့်ဥပဒေနှင့်အညီ နည်းပညာတီထွင်ဆန်းသစ်မှုများ ပိုမိုတိုးတက်လာအောင် ပံ့ပိုးကူညီခြင်း၊

(ဈ) နည်းပညာနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုက်သင့်သည့် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်း၊

(ည) ပုဂ္ဂလိက-တက္ကသိုလ်-အစိုးရဌာန (၃) ပွင့်ဆိုင်ပူးပေါင်း၍ သုတေသနပြုလုပ်ခြင်းနှင့် နည်းပညာလွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်စေခြင်း။

## ငွေကြေးအရင်းအမြစ်များ ထောက်ပံ့ရေးဆောင်ရွက်ခြင်း

၅၂။ ငွေကြေးအရင်းအမြစ်များ ထောက်ပံ့နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့်သော်လည်းကောင်း၊ စက်မှုဇုန်အလိုက်၊ စက်မှုလုပ်ငန်းအဖွဲ့အလိုက်၊ အသင်းအဖွဲ့အလိုက်သော်လည်းကောင်း အောက်ပါရန်ပုံငွေနှင့် ငွေကြေးလုပ်ငန်းများ ထူထောင်ထားရှိရမည် ဖြစ်ပါသည် -

(က) အထူးရန်ပုံငွေ၊

(ခ) အရေးပေါ်ရန်ပုံငွေ၊

(ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုရန်ပုံငွေ၊

(ဃ) နည်းပညာဖွံ့ဖြိုးမှုရန်ပုံငွေ၊

(င) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ၊

(စ) နည်းပညာအသစ်ဖြင့် လုပ်ငန်းအဆင့်မြှင့်တင်ရေးနှင့် ခေတ်မီစက်ကိရိယာအသုံးပြုရေး ရန်ပုံငွေ၊

(ဆ) မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကို ကိုယ်စားပြု၍ဆောင်ရွက်နိုင်မည့် ကုန်အမှတ်တံဆိပ်များ တရားဝင်မှတ်ပုံတင်နိုင်ရေးနှင့် စပ်လျဉ်းသည့် ကုန်အမှတ်တံဆိပ်ဆိုင်ရာရန်ပုံငွေ၊

(ဇ) စွန့်ဦးတီထွင်မှုလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်မည့် သီးခြားရန်ပုံငွေ။

၅၃။ နည်းပညာကိုအခြေခံသော စက်မှုလုပ်ငန်းများ (Biomedical, Software, Electrical, Electronic, Plastic, Fibre Parts, Machine Parts, Auto Parts စသည်) တို့တွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံလာစေရေးအတွက် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။

၅၄။ ချေးငွေအာမခံကော်ပိုရေးရှင်းက အပေါင်ပစ္စည်းမထားနိုင်သူအတွက် ကြားခံအာမခံခြင်းကို ဆန်းစစ်၍ သင့်လျော်သောကော်မရှင်ခနှုန်းဖြင့် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

၅၅။ ပြည်ပအကူအညီ၊ အထောက်အပံ့ Grant နှင့် ချေးငွေ Loan များ တိုးတက်ရရှိရေး ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၅၆။ အစိုးရသည် စက်မှုလုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီးများကို ဦးဆောင်လမ်းပြ ထောက်ပံ့ရမည်ဖြစ်ပါသည်။

၅၇။ စက်မှုကုန်ထုတ်လုပ်ငန်းများအား အထောက်အပံ့ပြုနိုင်သည့် ဘဏ်များ တိုးချဲ့ဖွင့်လှစ်ရေးနှင့် Credit Guarantee System, Credit Rating System များ အလျင်အမြန် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၅၈။ စီးပွားရေးလုပ်ငန်းရှင်အများစု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို နိုင်ငံတော်၏ ကူညီပံ့ပိုးမှုဖြင့် တည်ထောင်ဆောင်ရွက်ရန် ဖြစ်ပါသည်။

၅၉။ နိုင်ငံတော်၏မူဝါဒအရ ဦးစွာ ဖွံ့ဖြိုးတိုးတက်ရန် သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းများအား ငွေကြေး ထောက်ပံ့ရာတွင် ဦးစားပေးအစီအစဉ်ဖြင့် ထောက်ပံ့မှုများ ပြုလုပ်သွားရန်ဖြစ်ပြီး ရင်းနှီးငွေထုတ်ချေးခြင်းကို အလားအလာကောင်းသည့် စက်မှုလုပ်ငန်းများအတွက် စီမံပေးရန် ဖြစ်ပါသည်။

**အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးခြင်း**

၆၀။ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဓိကအခန်း ကဏ္ဍမှ ပါဝင်နေသည့်အတွက် စီးပွားရေးနှင့် စက်မှုဆိုင်ရာအဖွဲ့အစည်းများဖြင့်ဖြစ်စေ၊ Developer များဖြင့်ဖြစ်စေ အောက်ပါတို့အား ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည် -

(က) စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အဓိကအကျဆုံးဖြစ်သော လျှပ်စစ်ဓာတ်အားပေးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊

(ခ) စက်မှုလုပ်ငန်းဆိုင်ရာ နည်းပညာ၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုး တိုးတက်အောင် စီမံဆောင်ရွက်ခြင်း၊

(ဂ) တည်ဆောက်ပြီး စက်မှုဇုန်များတွင် အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုဇုန်အသစ်များကို လိုအပ်ချက်နှင့်အညီ တည်ဆောက်အကောင်အထည်ဖော်ပေးခြင်း၊

(ဃ) ရင်းနှီးတည်ဆောက်သူ (Developer) များနှင့်ပူးပေါင်း၍ စက်မှုလုပ်ငန်းများအတွက် သက်သာ ကောင်းမွန်သော မြေ၊ လမ်း၊ လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေ၊ ဆက်သွယ်ရေးစနစ်များ၊ ရေဆိုးစီမံခန့်ခွဲမှု စနစ် ဆောင်ရွက်ပေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းပေးခြင်း၊

(င) စက်မှုဇုန်သစ်များထူထောင်ရာ၌ ဆိပ်ကမ်း၊ လေဆိပ်၊ အဝေးပြေးလမ်းမကြီးများနှင့် နီးကပ်သည့် နေရာများအား သတ်မှတ်ရွေးချယ်ပေးခြင်း၊

(စ) စွမ်းအင်ရရှိစေမည့် သဘာဝအရင်းအမြစ်များကို အခြေခံအဆောက်အအုံအဖြစ် အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

၆၁။ **အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (PPP) ပုံစံများ။** အခြေခံအဆောက်အအုံကဏ္ဍတွင် ပုဂ္ဂလိကပါဝင်ဆောင်ရွက်မှုဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တာဝန်ရှိမှုနှင့် စွန့်စားဆောင်ရွက်မှုကို အခြေခံသော PPP ပုံစံ အမျိုးမျိုးရှိသည်။ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများက ပုဂ္ဂလိကကုမ္ပဏီများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် PPP ပုံစံ အမျိုးမျိုးဖြင့် သဘောတူစာချုပ်များ ချုပ်ဆိုဆောင်ရွက်ရန် လိုအပ်ပါသည် -

(က) **တည်ဆောက်-လွှဲပြောင်း (Build and Transfer-BT)။** လုပ်ကိုင်ခွင့်ရရှိသူသည် ဘဏ္ဍာငွေကျခံမှုနှင့် ဆောက်လုပ်မှုတို့ကို တာဝန်ယူရမည်ဖြစ်သည်။ လုပ်ငန်းပြီးစီးပါက သက်ဆိုင်ရာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးမည်။ စီမံကိန်းအချိန်ဇယားအရ ကျခံထားသော ရင်းနှီးမြှုပ်နှံမှုနှင့် အမြတ်ဝေစုတို့ကို လုပ်ငန်းဆောင်ရွက်သူသို့ ပေးချေရမည်။ လုံခြုံရေး သို့မဟုတ် မဟာဗျူဟာအကြောင်းအရင်းများအတွက် အသုံးပြုနိုင်သည်။

(ခ) **တည်ဆောက်-ငှားရမ်း-လွှဲပြောင်း (Build, Lease and Transfer-BLT)။** လုပ်ကိုင်ခွင့်ရရှိသူသည် ဘဏ္ဍာငွေကျခံ၍ ဆောက်လုပ်ရန်ဖြစ်ပြီး လုပ်ငန်းပြီးစီးပါက သက်ဆိုင်ရာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးပြီး ငှားရမ်းမှုသဘောတူစာချုပ် ချုပ်ဆိုသည်။ သတ်မှတ်ကာလအတွင်း ပိုင်ဆိုင်မှုသည် သက်ဆိုင်ရာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးပြီးဖြစ်သည်။

(ဂ) **တည်ဆောက်-လုပ်ဆောင်-လွှဲပြောင်း (Build, Operate and Transfer-BOT)။** လုပ်ကိုင်ခွင့်ရရှိသူသည် ဘဏ္ဍာငွေကျခံရေး၊ ဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကို တာဝန်ယူရသည်။ သတ်မှတ်သောကာလအတွင်း လည်ပတ်လုပ်ဆောင်ခွင့်ရှိသည်။ စာချုပ်တွင် ညှိနှိုင်းထားသော နှုန်းထားထက်မပိုသည့် ငှားရမ်းခနှင့်အဖိုးအခများကို အသုံးပြုသူများထံမှ ကောက်ခံခွင့်ရှိသည်။ သတ်မှတ်ကာလကုန်ဆုံးလျှင် သက်ဆိုင်ရာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးရန်ဖြစ်ပြီး လမ်းများ၊ ဆိပ်ကမ်းများ၊ လေဆိပ်များအတွက် အသုံးပြုသည်။

(ဃ) **တည်ဆောက်-ပိုင်ဆိုင်-လုပ်ဆောင် (Build, Own and Operate-BOO)။** လုပ်ကိုင်ခွင့်ရသူသည် ဘဏ္ဍာငွေကျခံခြင်း၊ ဆောက်လုပ်ခြင်း၊ လည်ပတ်လုပ်ဆောင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို တာဝန်ယူရသည်။ လုပ်ကိုင်ခွင့်ရသူက ပိုင်ဆိုင်ပြီး ငှားရမ်းခ သို့မဟုတ် အဖိုးအခများအား အသုံးပြုသူများထံမှ ကောက်ခံခွင့်ရှိသည်။

(င) **တည်ဆောက်-ပိုင်ဆိုင်-လုပ်ဆောင်-လွှဲပြောင်း (Build, Own, Operate and Transfer-BOOT)။** လုပ်ကိုင်ခွင့်ရသူသည် ဘဏ္ဍာငွေကျခံရေး၊ ဆောက်လုပ်ရေး၊ လည်ပတ်လုပ်ဆောင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကို တာဝန်ယူရသည်။ ခွင့်ပြုသောကာလအတွင်း ပိုင်ဆိုင်လည်ပတ်နိုင်ပြီး အသုံးပြုသူများထံမှ အခွန်အကောက်များ ကောက်ခံရယူနိုင်သည်။ လွှဲပြောင်းပေးရာတွင် အပြည့်အဝလည်ပတ်နိုင်သော အခြေအနေအတိုင်း သက်ဆိုင်ရာအဖွဲ့အစည်းသို့ အခမဲ့လွှဲပြောင်းပေးရသည်။

(စ) **တည်ဆောက်-လုပ်ဆောင်-မျှဝေ-လွှဲပြောင်း (Build, Operate, Share and Transfer-BOST)။** လုပ်ကိုင်ခွင့်ရရှိသူသည် ဘဏ္ဍာငွေကျခံရေး၊ ဆောက်လုပ်ရေး၊ လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကို တာဝန်ယူရသည်။ သတ်မှတ်ကာလအတွင်း ဝင်ငွေ၏တစ်စိတ်တစ်ပိုင်းကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ ခွဲဝေပေးပြီး သတ်မှတ်ကာလကုန်ဆုံးချိန်တွင် လွှဲပြောင်းပေးရသည်။

(ဆ) **တည်ဆောက်-ပိုင်ဆိုင်-လုပ်ဆောင်-မျှဝေ-လွှဲပြောင်း (Build, Own, Operate, Share and Transfer-BOOST)။** လုပ်ကိုင်ခွင့်ရရှိသူသည် ဘဏ္ဍာငွေကျခံရေး၊ ဆောက်လုပ်ရေး၊

ပိုင်ဆိုင်လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကို တာဝန်ယူရသည်။ သတ်မှတ်ကာလအတွင်း ဝင်ငွေ၏ တစ်စိတ်တစ်ပိုင်းကို သက်ဆိုင်ရာ အဖွဲ့အစည်းသို့ ခွဲဝေပေးပြီး သတ်မှတ်ကာလ ကုန်ဆုံးချိန်တွင် လွှဲပြောင်းပေးရသည်။

**ဈေးကွက်တိုးချဲ့နိုင်ရေးအတွက် အထောက်အကူပေးခြင်း**

၆၂။ ဈေးကွက်တိုးချဲ့နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများဖြင့်ဖြစ်စေ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့်ဖြစ်စေ အောက်ပါအတိုင်း ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည် -

(က) စက်မှုထုတ်ကုန်လုပ်ငန်းများနှင့် သက်ဆိုင်သည့် လမ်းညွှန်စာအုပ် (Industrial Directory) များ ပြုစုထုတ်ဝေခြင်း၊

(ခ) ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်အခြေအနေများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ရရှိစေရန် ပံ့ပိုးကူညီခြင်း၊

(ဂ) ပို့ဆောင်ရေးနှင့် ဆိပ်ကမ်းရှင်းလင်းရေး ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလွယ်ကူလျင်မြန်မှုရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) နိုင်ငံတကာ ကုန်သွယ်မှု စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊

(င) ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် တစ်ဆင့်ခံ သိုလှောင်ဖြန့်ဖြူးရေးဌာနများ စနစ်တကျ ပေါ်ပေါက်လာစေရန် အားပေးကူညီခြင်း၊

(စ) နိုင်ငံတကာကုမ္ပဏီများ (MNCs) နှင့် ဆက်သွယ်မှုအားကောင်းအောင် ဆောင်ရွက်၍ စံသတ်မှတ်ချက် ပြည့်မီသည့် ထုတ်ကုန်များထုတ်လုပ်ခြင်းဖြင့် Global Supply Chain သို့ ဝင်ရောက်နိုင်ရန် ပံ့ပိုးကူညီခြင်း၊

(ဆ) ပြည်တွင်း ပြည်ပ Trade Expos နှင့် Business Matching များ ကျင်းပပြုလုပ်နိုင်ရန် အားပေးကူညီ ဆောင်ရွက်ခြင်း၊

(ဇ) မြန်မာနိုင်ငံ ထုတ်ကုန်ပစ္စည်းများ၏ ကုန်အမှတ်တံဆိပ်ကို နိုင်ငံတကာမှ အသိအမှတ်ပြုနိုင်ရန် အားပေးကူညီသည့်အနေဖြင့် ပြည်ပနိုင်ငံများ၌ ကုန်အမှတ်တံဆိပ် ကြော်ငြာခြင်း၊ ပြပွဲများ ကျင်းပခြင်းအတွက် ထိုက်သင့်သည့် ငွေကြေးထောက်ပံ့ခြင်း၊

(ဈ) ကုန်သွယ်မှုတွင် မလိုလားအပ်သည့် အတားအဆီးများ၊ လျော့ကျစေရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ည) အထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန်များအကြား လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်ပေးခြင်း၊

(ဋ) ကုန်စည်နှင့်ခရီးသည်ပို့ဆောင်ရေးအတွက် ကုန်ကျစရိတ်သက်သာသည့် ရေလမ်းကြောင်းအား ပိုမိုအသုံးပြုဆောင်ရွက်နိုင်ရေးနှင့် ယင်းနှင့်ဆက်စပ်သည့် သင်္ဘောတည်ဆောက်ရေးနှင့် ပြုပြင်ရေး လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်း၊

(ဌ) ကုန်သွယ်မှုတွင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဍ) ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကုန်သွယ်မှုဗဟိုဌာနများနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း။

၆၃။ ဈေးကွက်ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ကုန်သွယ်မှုဆိုင်ရာအခြေခံအချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါသည် -

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်ရေးမူဝါဒများကို စနစ်တကျ ရေးဆွဲအကောင်အထည် ဖော်ရေး၊

(ခ) ပို့ကုန်တိုးချဲ့မြှင့်တင်ရေး ဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ICT အသုံးပြု၍ ဆောင်ရွက်သွားနိုင်ရေး၊

(ဂ) ဒေသတွင်း နိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပူးပေါင်း၍ ကုန်သွယ်မှုတိုးချဲ့ရေး၊

(ဃ) ကုန်သွယ်မှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး၊

(င) ပြည်တွင်းစားသုံးမှုနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သော အရေးကြီးကုန်စည်များ ဖူလုံရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး။

## သင့်လျော်သောအခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်း

၆၄။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးခြင်းဖြင့် စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖြစ်ပေါ်လာစေပြီး နှောင့်နှေးကြန့်ကြာမှု၊ နစ်နာမှုများ လျော့ပါးစေရန် သင့်လျော်သော အခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးနိုင်ရေးအတွက် အောက်ပါအတိုင်း ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပြဋ္ဌာန်းထားသော စက်မှုလုပ်ငန်းဆိုင်ရာ ဆက်စပ်နေသော ဥပဒေများကို **နောက်ဆက်တွဲ (က)** တွင် ဖော်ပြထားပါသည် -

(က) အထွေထွေကုန်ကျစရိတ်များ လျော့ကျစေရန် ဒေသအသီးသီးတွင် One Stop Service Center များ ဖွင့်လှစ်ပေးခြင်း၊

(ခ) စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် အခွန်အခများ ထိုက်သင့်သလို လျှော့ချ ကောက်ခံစေရန်နှင့် ထပ်ဆင့်အခွန် စည်းကြပ်မှုများ မရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများကို တစ်ပြေးညီကျင့်သုံးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတော်၏ မူဝါဒအရ စက်မှုလုပ်ငန်းအမျိုးအစားအလိုက် သင့်လျော်သည့် အချိန်သတ်မှတ်ချက်ကာလအတွင်း အခွန်အခ ကင်းလွတ်ခွင့်၊ သက်သာခွင့်စသည့် အကျိုးခံစားခွင့်များရရှိရေး ပံ့ပိုးကူညီပေးခြင်း၊

(င) စက်မှုလုပ်ငန်းများနှင့်ဆက်စပ်နေသည့် စံချိန်စံညွှန်း၊ မူပိုင်ခွင့်၊ ကုန်သွယ်ရေးနှင့်သက်ဆိုင်သည့် လိုအပ်သည့် ဥပဒေများ ပေါ်ထွန်းလာရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊

(စ) Inspection Certificate များ လျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဆ) မူဝါဒပါချမှတ်ထားသော စက်မှုလုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို လျှောက်ထားလာပါက တည်ဆဲဥပဒေများအရ ခွင့်ပြုချက်ရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အတည်ပြုချက်ရယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ပြောင်းလဲလာသော ခေတ်စနစ်နှင့် လျော်ညီစွာ ပြောင်းလဲဆောင်ရွက်ပေးခြင်း။

**ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ**

၆၅။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ တည်ဆဲကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်ဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများအရ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို ပြည်တွင်း ပြည်ပ မခွဲခြားဘဲ တစ်ပြေးညီခံစားခွင့်ပြုမည်ဖြစ်သည်။

**စက်မှုလုပ်ငန်းအမျိုးအစား သတ်မှတ်ခြင်း**

၆၆။ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုသဘာဝအပေါ် မူတည်၍ စက်မှုလုပ်ငန်းအမျိုးအစားများကို အောက်ပါအတိုင်း သတ်မှတ်ပါသည်။ အသေးစိတ်ကို **နောက်ဆက်တွဲ (ခ)** ဖြင့် ဖော်ပြထားပါသည် -

(က) စားသောက်ရေးနှင့် ဆေးဝါးဆိုင်ရာ စက်မှုလုပ်ငန်းများ၊

(ခ) ဝတ်ဆင်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများ၊

(ဂ) နေထိုင်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများ၊

(ဃ) လူသုံးကုန်ပစ္စည်းဆိုင်ရာ စက်မှုလုပ်ငန်းများ၊

(င) အိမ်သုံးပစ္စည်းဆိုင်ရာ စက်မှုလုပ်ငန်းများ၊

(စ) စာပေနှင့်အနုပညာဆိုင်ရာ စက်မှုလုပ်ငန်းများ၊

(ဆ) ကုန်ကြမ်းပစ္စည်းဆိုင်ရာ စက်မှုလုပ်ငန်းများ၊

(ဇ) ဓာတ်သတ္တုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊

(ဈ) စိုက်ပျိုးရေးကိရိယာထုတ်လုပ်မှုလုပ်ငန်း၊

(ည) စက်မှုလက်မှုသုံး ကိရိယာထုတ်လုပ်မှုလုပ်ငန်း၊

(ဋ) သယ်ယူပို့ဆောင်ရေးဆိုင်ရာ စက်မှုလုပ်ငန်း၊

(ဌ) လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုစက်မှုလုပ်ငန်း၊

(ဍ) စက်အရန်ပစ္စည်းနှင့် အထွေထွေအလုပ်ရုံစက်မှုလုပ်ငန်း။

၆၇။ မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများ အမျိုးအစားခွဲခြားသတ်မှတ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းအမျိုးအစားအလိုက် စံသတ်မှတ်ခွဲခြားချက် (International Standard Industrial Classification, ISIC) များနှင့်အညီ ပြုစုလျက်ရှိရာ Myanmar Standard Industrial Classification, MSIC များ ပြုစုပြီးပါက ယင်းစံသတ်မှတ်ခွဲခြားချက်များအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်။

**အခန်း (၈)**

**မူဝါဒအကောင်အထည်ဖော်ရေးအဖွဲ့အစည်းများ**

**အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်း**

၆၈။ စက်မှုလုပ်ငန်းမူဝါဒအရ အကောင်အထည်ဖော်မှုကို ကြီးကြပ်ရန်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများအား ပြုပြင်ပြောင်းလဲရန်လိုအပ်ပါက ဆွေးနွေးအကြံပြုရန်နှင့် စီးပွားရေးဇုန် သို့မဟုတ် စီးပွားရေးဇုန်ပြင်ပတွင်

စက်မှုဇုန်တည်ထောင်နိုင်ရန် လမ်း၊ လျှပ်စစ်၊ ဆိပ်ကမ်း၊ လေဆိပ်၊ ရထားလမ်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် စသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရနှင့် လုပ်ငန်းဆောင်ရွက်သူများကို ကြားခံညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် လုပ်ငန်းစဉ်များညှိနှိုင်းပေးခြင်းနှင့် လိုအပ်သလို ပြင်ဆင်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ရန်အတွက် **"နိုင်ငံတော်ဒုတိယသမ္မတဦးစီးသော အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"** ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ကွဲပြားခြားနားချက်များကို ချောမွေ့ပြေပြစ်စေရေးအတွက် ပြည်ထောင်စုဝန်ကြီးများကို အဖွဲ့ဝင်များအဖြစ် ပါဝင်စေမည် ဖြစ်ပါသည်။

**စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီ ဖွဲ့စည်းခြင်း**

၆၉။　စက်မှုလုပ်ငန်းများ မြှင့်တင်ရေးအတွက် စက်မှုလုပ်ငန်းဆိုင်ရာပင်မစီမံကိန်း(Master Plan) ချမှတ်ခြင်း၊ စက်မှုလုပ်ငန်းများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ၊ စက်မှုဇုန်များအတွက် အထူးရည်မှန်းချက်နှင့် သတ်မှတ်ချက်များ ထုတ်ပြန်ရန် လိုအပ်ပါသည်။ အထောက်အပံ့ပြုရမည့် နယ်ပယ်အလိုက် ဆောင်ရွက်ရမည့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ အထောက်အပံ့နှင့် ဖြေလျှော့မှုများကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသော စက်မှုလုပ်ငန်းများပေါ်ထွန်းရေး၊ စက်မှုလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးနှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်ရေးလုပ်ငန်းတို့ကို အားပေးဖော်ဆောင်မည့် စက်မှုဝန်ကြီးဌာန၊ **ပြည်ထောင်စုဝန်ကြီးဦးဆောင်သော စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီ**ကို ဖွဲ့စည်း ဆောင်ရွက်မည် ဖြစ်ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများကို အဖွဲ့ဝင်များအဖြစ် ပါဝင်စေမည် ဖြစ်ပါသည်။

၇၀။　စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီ၏ စွမ်းဆောင်ရည် ထိရောက်ထက်မြက်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးဦးဆောင်သော အောက်ပါလုပ်ငန်းကော်မတီများ ဖွဲ့စည်း၍လည်း အထောက်အကူပြုမည် ဖြစ်ပါသည် -

(က)　အကြီးစားစက်မှုလုပ်ငန်းကော်မတီ၊

(ခ)　အခြေခံကုန်ပစ္စည်းစက်မှုလုပ်ငန်းကော်မတီ၊

(ဂ)　အရင်းအမြစ်အခြေပြုစက်မှုလုပ်ငန်းကော်မတီ၊

(ဃ)　နည်းပညာအသားပေးစက်မှုလုပ်ငန်းကော်မတီ၊

(င)　မိုက်ခရို၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကော်မတီ၊

(စ)　စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များဆိုင်ရာကော်မတီ။

**ပူးပေါင်းဆောင်ရွက်ရန် ကော်မတီနှင့် အဖွဲ့အစည်းများ**

၇၁။　အောက်ပါကော်မတီများကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရမည် ဖြစ်ပါသည် -

(က)　အမျိုးသားစံချိန်စံညွှန်းကောင်စီ၊

(ခ)　အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကော်မတီ (CIPR)၊

(ဂ) ကျွမ်းကျင်မှုတိုးတက်ရေးကော်မတီ (CSD)၊

(ဃ) မြန်မာနိုင်ငံ သတင်းအချက်အလက်စနစ်၊

(င) မြန်မာနိုင်ငံ စက်မှုလုပ်ငန်းစီမံခန့်ခွဲရေး အဖွဲ့အစည်း (Myanmar Industrial Management Institution)၊

(စ) ဒေသဆိုင်ရာ စက်မှုလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့။

**စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၇၂။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စက်မှုလုပ်ငန်းမူဝါဒအရ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် စစ်ဆေးခြင်း၊ ထောက်ခံခြင်း၊ ကြီးကြပ်ခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ပြည်သူလူထု၏ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင် မထိခိုက်ရေး၊ မီးဘေးအန္တရာယ်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးကို ထိန်းကျောင်းကြပ်မတ်ရန် လိုအပ်ပါသည်။ ထို့ပြင် ဒေသတွင်း စက်မှုဇုန်အကောင်အထည်ဖော်ရေးနှင့် စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာကော်မတီကို အထောက်အကူပြုနိုင်ရေးအတွက် ဒေသဆိုင်ရာ အစိုးရအဖွဲ့သည် **"စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့"**ကို သက်ဆိုင်ရာအစိုးရအဖွဲ့ဝင် "ဝန်ကြီးတစ်ဦး" ဦးစီး၍ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

**စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း**

၇၃။ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသည် စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီနှင့် ညှိနှိုင်း၍ ရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီများမှ အများဆန္ဒနှင့်အညီ ရွေးချယ်သော ကိုယ်စားလှယ်များပါဝင်သည့် စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည်။ ကော်မတီသည် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ရမည်။ စက်မှုဇုန်အတွင်း ကျူးကျော်သူများအား တရားစွဲဆိုဖယ်ရှားခြင်း၊ လုပ်ငန်းဆောင်ရွက်သူများနှင့် တစ်နေရာတည်းဝန်ဆောင်မှုပေးသောအဖွဲ့ကို လုပ်ငန်းစဉ်များ ညှိနှိုင်းပေးခြင်း၊ စက်မှုဇုန်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၇၄။ စက်မှုဇုန်အတွင်း လိုက်နာဆောင်ရွက်ရမည့် စက်မှုလုပ်ငန်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စက်မှုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အထောက်အကူပြုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန် ဖြစ်ပါသည်။

**မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ အခန်းကဏ္ဍ**

၇၅။ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သည် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါတို့ကို ပူးပေါင်းဆောင်ရွက်ရပါမည် -

(က) နိုင်ငံတော်၏ သဘာဝအရင်းအမြစ်များကို အခြေခံ၍ စီးပွားရေးတီထွင်လုပ်ဆောင်မှုများ ထွန်းကားပေါ်ပေါက်ရေးအတွက် နိုင်ငံတော်သို့ လိုအပ်သော အကြံဉာဏ်များပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာအဆင့်မီစေရန်အတွက် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ပေးခြင်း၊

(ဂ) နိုင်ငံသားနှင့် နိုင်ငံခြားသားများ၏ ထုတ်လုပ်မှုလုပ်ငန်းများ နိုင်ငံတွင်းရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဃ) ပြည်ပကုန်သွယ်မှုလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အား အကြံဉာဏ်များပေးခြင်း၊

(င) ပြည်တွင်း ပြည်ပ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ သင်တန်းများ လက်ခံကျင်းပခြင်း၊ အသင်းသားများ ပါဝင်တက်ရောက်စေခြင်း၊ ပြည်ပဆွေးနွေးပွဲများနှင့် သင်တန်းများသို့ စေလွှတ်ခြင်း၊

(စ) အသင်းသားများနှင့် အစိုးရဌာန၊ အဖွဲ့အစည်းများအကြား၊ အသင်းသားများနှင့် ပြည်ပမှ ကုန်သည်အဖွဲ့အစည်းများအကြား အတွေ့အကြုံနှင့် အမြင်သဘောထားများ ဖလှယ်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဆ) စက်မှုလုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။

## မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) ၏ အခန်းကဏ္ဍ

၇၆။ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA)သည် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါအတိုင်း ပါဝင်ဆောင်ရွက်ရမည် -

(က) စက်မှုလုပ်ငန်းရှင်များသို့ အကြံဉာဏ်များပေးခြင်း၊

(ခ) နိုင်ငံတော်က အကောင်အထည်ဖော်နေသော စက်မှုဆိုင်ရာကဏ္ဍများတွင် ပါဝင်ဆွေးနွေးအကြံပြုခြင်း၊

(ဂ) စက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များနှင့် ပူးပေါင်းလျက် စက်မှုကဏ္ဍ လိုအပ်ချက်များကို ဆောင်ရွက်ပေးခြင်း၊

(ဃ) လုပ်အားအခြေပြု လက်ခစားလုပ်ငန်းဖြစ်သော Cutting Making Packaging (CMP) လုပ်ငန်းများ (အထည်ချုပ်လုပ်ငန်းမှအပ) ၌ ကုန်ကြမ်းတင်သွင်းခြင်း၊ ကုန်ချောတင်ပို့ခြင်းတို့တွင် ကြီးကြပ်စစ်ဆေး၍ ထောက်ခံပေးခြင်း၊

(င) အလုပ်ရှင်အလုပ်သမား ပဋိပက္ခများ ဖြေရှင်းပေးခြင်း၊

(စ) HRD Program များရေးဆွဲ၍ သင်တန်းများ ဆောင်ရွက်ခြင်း၊

(ဆ) လူမှုစီးပွားစောင့်ရှောက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ ဆောင်ရွက်ပေးခြင်း၊

(ဇ) ထုတ်ကုန်အရည်အသွေး စံချိန်စံညွှန်းကိုက်ညီမှု ရှိ/မရှိနှင့် ကုန်ထုတ်လုပ်စဉ် လူကိုအန္တရာယ်ဖြစ်စေသော အဏုဇီဝပိုးများ ပါဝင်မှု ရှိ/မရှိ စစ်ဆေးပေးခြင်း၊

(ဈ) စက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။

## စံချိန်စံညွှန်းများ ထိန်းသိမ်းရေး

၇၇။ ထုတ်လုပ်သောကုန်ပစ္စည်းများ အရည်အသွေးပြည့်မီရေး၊ စံချိန်စံညွှန်းကိုက်ညီရေးအတွက် စက်မှုလုပ်ငန်းရှင်များသို့ ဆွေးနွေးခြင်း၊ လမ်းညွှန်ခြင်းများကို ဆောင်ရွက်ပြီး နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေး ထောက်ခံချက်ထုတ်ပေးနိုင်ရန်အတွက် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းမည့် အသိအမှတ်ပြုအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

## အခန်း (၉)

## အစိမ်းရောင် စက်မှုလုပ်ငန်းများအဖြစ် ရပ်တည်နိုင်ရေး

၇၈။ အစိမ်းရောင်စက်မှုလုပ်ငန်းများအဖြစ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် အောက်ပါလုပ်ငန်းစဉ်များအား ဂရုပြုစဉ်းစား၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) ရေဆိုးများ ပြုပြင်သန့်စင်ပြီးမှ စွန့်ပစ်ခြင်း၊

(ခ) စွန့်ပစ်ပစ္စည်းအစိုင်အခဲ၊ အရည်၊ အခိုးအငွေ့များကို ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် သင့်လျော်သည့် နည်းလမ်းများ အသုံးပြု၍ စီမံဆောင်ရွက်ခြင်း၊

(ဂ) အဆိပ်အတောက်ဖြစ်စေသည့် ဓာတ်ငွေ့၊ အခိုးအငွေ့၊ အမှုန်အမွှား ထုတ်လွှတ်ခြင်းကို ထိန်းချုပ်ခြင်း၊

(ဃ) လုပ်ငန်းဆောင်ရွက်ရန် ကြိုတင်ခွင့်ပြုချက်ရယူခြင်း သို့မဟုတ် ကနဦး ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းကို ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုထိန်းသိမ်းရေး အစီအစဉ်ရေးဆွဲ ဆောင်ရွက်ခြင်း၊

(င) လူမှုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ ကျန်းမာရေး ထိခိုက်မှုဆန်းစစ်ခြင်းနှင့် သဘာဝဘေး အန္တရာယ် ထိခိုက်မှုဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီး အထောက်အကူပြု လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်း၊

(စ) Environmental Management ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုကုမ္ပဏီများ ထူထောင်ခွင့် ပေးခြင်း။

၇၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ သင့်လျော်သော ထိန်းချုပ်မှု မူဘောင်ရေးဆွဲခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်များ ရယူရာတွင် နှောင့်နှေးကြန့်ကြာမှု များကို ရှောင်လွှဲနိုင်ရေး ဆောင်ရွက်မည် ဖြစ်ပါသည်။

၈၀။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အောက်ပါအခြေအနေများကို စောင့်ကြည့်မှတ်တမ်းပြုစုလျက်ရှိသော သက်ဆိုင်ရာပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များ ရယူ၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံခန့်ခွဲမှု အစီအစဉ်များ ဆောင်ရွက်စေမည်ဖြစ်သည် -

(က) လေထုသန့်စင်မှု တိုင်းတာခြင်း၊

(ခ) ရေအရင်းအမြစ်ကောင်းမွန်မှု စမ်းသပ်ခြင်း၊

(ဂ) ရေနေသတ္တဝါများ၏ ဂေဟစနစ် စောင့်ကြည့်ရေး၊

(ဃ) လူမှုစီးပွားဖွံ့ဖြိုးမှု စစ်တမ်းကောက်ယူခြင်း၊

(င) လူထုကျန်းမာရေး စစ်တမ်းကောက်ယူခြင်း။

## အခန်း (၁၀)

## မူဝါဒ အကောင်အထည်ဖော်ခြင်း၊ စိစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

၈၁။ စက်မှုလုပ်ငန်းမူဝါဒအား ထိရောက်အောင်မြင်စေရေးအတွက် ဦးဆောင်အကောင်အထည်ဖော်မည့် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ ဒေသန္တရ အဆင့်အထိပါဝင်သော ကော်မတီ၊ လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ လိုအပ်ပါက ဤမူဝါဒကို အခြေခံသော ဥပဒေနှင့် နည်းဥပဒေများကို ဆက်လက်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈၂။ စက်မှုလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး အတွက် လိုအပ်သည့် အစီအမံများကိုလည်းကောင်း၊ မူဝါဒကို အကောင်အထည်ဖော်ရာတွင် အသေးစိတ် လိုက်နာရမည့် ကိစ္စရပ်များကိုလည်းကောင်း အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈၃။ စက်မှုလုပ်ငန်းမူဝါဒကို အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ၊ အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်၍ လိုအပ်ချက်နှင့်အညီ ပြင်ဆင်နိုင်ရေးအတွက် စောင့်ကြည့်လေ့လာသုံးသပ်ရေး ယန္တရား (Monitoring and Evaluation Mechanism) တစ်ရပ်ကို တည်ထောင်ရမည် ဖြစ်ပါသည်။

၈၄။ စောင့်ကြည့်လေ့လာသုံးသပ်ရေးဆောင်ရွက်ရာတွင် အောက်ပါအချက်များကို အခြေခံသုံးသပ်ပြီး တွေ့ရှိချက်၊ အကြံပြုချက်များကို ဦးဆောင်ကော်မတီထံသို့ တင်ပြဆောင်ရွက်သွားရန် ဖြစ်ပါသည် -

(က) ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများရှိ စက်မှုလုပ်ငန်းများ၏ ပြောင်းလဲတိုးတက်မှု အခြေအနေ၊

(ခ) ပြည်တွင်းစက်မှုလုပ်ငန်းများ၏ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးတွင် ပါဝင်မှုအခြေအနေ၊

(ဂ) ပြည်ပတင်ပို့မှုနှင့် တင်သွင်းမှုဆိုင်ရာ အချက်အလက်များ၊

(ဃ) ပြည်တွင်းစက်မှုလုပ်ငန်းရှင်များ၏ ကဏ္ဍအလိုက် အမှန်တကယ် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊

(င) စက်မှုလုပ်ငန်းများ၏ အကျိုးဖြစ်ထွန်းမှု သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝအပေါ် သက်ရောက်မှု။

## အခန်း (၁၁)

## စက်မှုလုပ်ငန်းမူဝါဒကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ပြုမည့် ဝန်းကျင်ကောင်းများ

၈၅။ စက်မှုလုပ်ငန်းမူဝါဒနှင့်အညီ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုနိုင်သည့် အောက်ပါ ဝန်းကျင်ကောင်းများကိုလည်း တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ပါက ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်အဖြစ် အမြန်ဆုံးရောက်ရှိနိုင်မည် ဖြစ်ပါသည် -

(က) တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုရှိခြင်း၊

(ခ) ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ရှိခြင်း၊

(ဂ) ဥပဒေစိုးမိုးခြင်းနှင့် အဂတိလိုက်စားမှု လျော့နည်းပပျောက်ရေးစီမံနိုင်ခြင်း၊

(ဃ) မေခရို စီးပွားရေးတည်ငြိမ်မှုရှိစေမည့် မူဝါဒရှိခြင်း၊

(င) ပီပြင်သော ဈေးကွက်စီးပွားရေးစနစ် ဖြစ်ထွန်းခြင်း၊

(စ) အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုရှိခြင်း၊

(ဆ) ဆန်းသစ်တီထွင်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုရှိခြင်း၊

(ဇ) ဆက်စပ်ဆောင်ရွက်မည့် မူဝါဒများ ဖွံ့ဖြိုးပြီးဖြစ်ခြင်း-**နောက်ဆက်တွဲ (ဂ)** ဖြင့် ဖော်ပြထားပါသည်။

## အခန်း (၁၂)
## နိဂုံး

၈၆။ နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင်စက်မှုကဏ္ဍ၏ပါဝင်မှုအချိုးမြင့်တက်လာပြီး နိုင်ငံတော်၏ အကျိုးစီးပွားကို စက်မှုကဏ္ဍက ဦးဆောင်သွားနိုင်သော အခြေအနေသို့ ရောက်ရှိရေး၊ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက် (Global Supply Chain) အတွင်းသို့ မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများ အနေဖြင့် ရပ်တည်မှုနှင့် ဦးတည်ရာလမ်းကြောင်း မှန်ကန်စွာဖြင့် ဝင်ရောက်နိုင်ရေးကို ရည်ရွယ်၍ ဤစက်မှုလုပ်ငန်းမူဝါဒကို ရေးဆွဲခြင်း ဖြစ်ပါသည်။

၈၇။ သို့ရာတွင် မူဝါဒအကောင်အထည်ဖော်နေစဉ်အတွင်း ခေတ်ကာလအလိုက် ပြောင်းလဲဖြစ်ပေါ်လာမည့် စီးပွားရေးပတ်ဝန်းကျင်နှင့် ဒေသတွင်းလိုအပ်ချက်များအရ ရည်မှန်းချက်နှင့် မူဝါဒများကိုလည်း လိုအပ်သလို ပြင်ဆင်ခြင်းအားဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ရေရှည်ဖွံ့ဖြိုးတိုးတက်သော စက်မှုကဏ္ဍတစ်ရပ်ကို ဖော်ဆောင်သွားနိုင်မည် ဖြစ်ပါသည်။

၈၈။ အထူးတင်ပြလိုသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် စက်မှုကဏ္ဍလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာကုမ္ပဏီများ (MNCs) နှင့် ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသည့် စက်မှုစီးပွားရေးစနစ်ကို ဦးတည်ဆောင်ရွက်ခြင်း၊ ဦးဆောင်ကော်မတီများ၏ ဖွဲ့စည်းမှုနှင့် စီမံခန့်ခွဲမှုအားကောင်းခြင်း၊ စောင့်ကြည့်လေ့လာသုံးသပ်ရေးအဖွဲ့၏ အချက်အလက်များအပေါ် ဗဟိုပြု၍ လိုအပ်သည့်မူဝါဒများကို ပြင်ဆင်ထည့်သွင်းခြင်း၊ မူဝါဒဆိုင်ရာ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် သက်ဆိုင်ရာ အစိုးရ၊ အရပ်ဘက်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအားကောင်းခြင်း စသည့် လုပ်ငန်းလိုအပ်ချက်များကို ပီပြင်စွာပူးပေါင်း အကောင်အထည်ဖော်နိုင်ပါက ကဏ္ဍအလိုက်၊ ဒေသအလိုက် ဘက်စုံဖွံ့ဖြိုးတိုးတက်လာပြီး ရည်မှန်းချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံအဖြစ်သို့ အမြန်ဆုံးရောက်ရှိအောင် တက်လှမ်းနိုင်မည် ဖြစ်ပါ သည်။

**စက်မှုဝန်ကြီးဌာန**

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် ( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
### အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၆

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ သုတေသန၊ ဘဏ္ဍာရေးနှင့်စီမံကိန်းစာရင်းအင်းစိစစ်ရေးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒေါ်ရည်မွန်ထွေး၊ အကြီးတန်းစာရေး လစာနှုန်း (၁၆၅,၀၀၀-၂,၀၀၀-၁၇၅,၀၀၀) သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ခေါ်ယူသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာအတွက် ရွေးချယ်ခံရသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် (သောကြာနေ့) နံနက်ပိုင်းမှစ၍ လွှဲပြောင်းတာဝန်ထမ်းဆောင်စေလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးမိုးကျော်အောင်၊ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) သည် အလုပ်မှနုတ်ထွက်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် **၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍** ၎င်း၏သဘောဆန္ဒအရ အလုပ်မှနုတ်ထွက်ခွင့် ပြုလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

**[ ယခင်အပတ်မှအဆက် ]**

# စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

အမှတ် ၄၆/၂၀၁၆ ။ ။ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁၉) တွင် တက်ရောက်သင်ကြားအောင်မြင်ခဲ့ကြသော အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှအစပြု၍ တပ်မတော်(ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်)အဖြစ် ခန့်အပ်လိုက်သည် -

### တပ်မတော် (ကြည်း)

| | | | |
|---|---|---|---|
| (၁၅၁) | ရဲထွန်းဦး | ကြည်း | ၇၀၄၄၆ |
| (၁၅၂) | ရန်ကျော်ဦး | ကြည်း | ၇၀၄၄၇ |
| (၁၅၃) | ဇင်မင်းထွန်း | ကြည်း | ၇၀၄၄၈ |
| (၁၅၄) | မင်းပိုင်သူ | ကြည်း | ၇၀၄၄၉ |
| (၁၅၅) | သစ်လွင်ဆန်း | ကြည်း | ၇၀၄၅၀ |
| (၁၅၆) | ကျော်ရန်လင်း | ကြည်း | ၇၀၄၅၁ |
| (၁၅၇) | ကျော်ဇော | ကြည်း | ၇၀၄၅၂ |
| (၁၅၈) | မင်းမင်းမောင် | ကြည်း | ၇၀၄၅၃ |
| (၁၅၉) | ကောင်းထက်ဝင်း | ကြည်း | ၇၀၄၅၄ |
| (၁၆၀) | သက်ပိုင်ကျော် | ကြည်း | ၇၀၄၅၅ |
| (၁၆၁) | မျိုးမင်းသိန်း | ကြည်း | ၇၀၄၅၆ |
| (၁၆၂) | သက်ပိုင်စိုး | ကြည်း | ၇၀၄၅၇ |
| (၁၆၃) | ထွန်းလင်းအောင် | ကြည်း | ၇၀၄၅၈ |
| (၁၆၄) | သိန်းဇော် | ကြည်း | ၇၀၄၅၉ |
| (၁၆၅) | သောင်းထွန်းဇော် | ကြည်း | ၇၀၄၆၀ |
| (၁၆၆) | သက်ဝေအောင် | ကြည်း | ၇၀၄၆၁ |
| (၁၆၇) | ကျော်သူထွန်း | ကြည်း | ၇၀၄၆၂ |
| (၁၆၈) | ပြည့်စုံအောင် | ကြည်း | ၇၀၄၆၃ |
| (၁၆၉) | ညီဝင်းဖြိုး | ကြည်း | ၇၀၄၆၄ |
| (၁၇၀) | အောင်ကြည်ဖြိုး | ကြည်း | ၇၀၄၆၅ |
| (၁၇၁) | သက်ဖြိုးဦး | ကြည်း | ၇၀၄၆၆ |
| (၁၇၂) | ဇေယျာပြည့် | ကြည်း | ၇၀၄၆၇ |
| (၁၇၃) | စစ်သူကျော် | ကြည်း | ၇၀၄၆၈ |
| (၁၇၄) | မင်းသိန်းဌေး | ကြည်း | ၇၀၄၆၉ |
| (၁၇၅) | ဇင်မင်းထွန်း | ကြည်း | ၇၀၄၇၀ |
| (၁၇၆) | မင်းမြတ်ကျော် | ကြည်း | ၇၀၄၇၁ |
| (၁၇၇) | အောင်ဇော် | ကြည်း | ၇၀၄၇၂ |
| (၁၇၈) | သန်းဇော်လင်း | ကြည်း | ၇၀၄၇၃ |
| (၁၇၉) | ကျော်မြင့်လွင် | ကြည်း | ၇၀၄၇၄ |
| (၁၈၀) | နေဖြိုးထက် | ကြည်း | ၇၀၄၇၅ |
| (၁၈၁) | မင်းခန့်ဟိန်း | ကြည်း | ၇၀၄၇၆ |
| (၁၈၂) | ဇော်လင်း | ကြည်း | ၇၀၄၇၇ |
| (၁၈၃) | မင်းခန့်ဇော် | ကြည်း | ၇၀၄၇၈ |
| (၁၈၄) | ကျော်စိုးဦး | ကြည်း | ၇၀၄၇၉ |
| (၁၈၅) | ရဲကျော်ရှိန်း | ကြည်း | ၇၀၄၈၀ |
| (၁၈၆) | မင်းသီအောင် | ကြည်း | ၇၀၄၈၁ |
| (၁၈၇) | လွင်မင်းအေး | ကြည်း | ၇၀၄၈၂ |
| (၁၈၈) | ထင်လင်းကျော် | ကြည်း | ၇၀၄၈၃ |
| (၁၈၉) | နိုရယ် | ကြည်း | ၇၀၄၈၄ |
| (၁၉၀) | ဉာဏ်လင်းကျော် | ကြည်း | ၇၀၄၈၅ |
| (၁၉၁) | စောသက်နိုင် | ကြည်း | ၇၀၄၈၆ |
| (၁၉၂) | အောင်စည် | ကြည်း | ၇၀၄၈၇ |
| (၁၉၃) | ကျော်ခိုင်ဦး | ကြည်း | ၇၀၄၈၈ |
| (၁၉၄) | ပြုံးမောင်မောင် | ကြည်း | ၇၀၄၈၉ |
| (၁၉၅) | ဇော်ဝင်းနိုင် | ကြည်း | ၇၀၄၉၀ |
| (၁၉၆) | ကျော်ကျော်လွင် | ကြည်း | ၇၀၄၉၁ |
| (၁၉၇) | သန်းမြတ်စိုး | ကြည်း | ၇၀၄၉၂ |
| (၁၉၈) | နေလင်း | ကြည်း | ၇၀၄၉၃ |
| (၁၉၉) | သူရိန်မောင် | ကြည်း | ၇၀၄၉၄ |
| (၂၀၀) | ကျော်သီဟ | ကြည်း | ၇၀၄၉၅ |
| (၂၀၁) | ကျော်လင်းဇော် | ကြည်း | ၇၀၄၉၆ |
| (၂၀၂) | အောင်ဖြိုး | ကြည်း | ၇၀၄၉၇ |
| (၂၀၃) | ဝင်းကျော်သူ | ကြည်း | ၇၀၄၉၈ |
| (၂၀၄) | တင်ထွန်းအောင် | ကြည်း | ၇၀၄၉၉ |
| (၂၀၅) | ဖွဲ့ထက်အောင် | ကြည်း | ၇၀၅၀၀ |
| (၂၀၆) | သိန်းထက်အောင် | ကြည်း | ၇၀၅၀၁ |
| (၂၀၇) | ထွန်းထွန်းဦး | ကြည်း | ၇၀၅၀၂ |
| (၂၀၈) | စိုင်းမင်းအောင် | ကြည်း | ၇၀၅၀၃ |
| (၂၀၉) | ခင်မောင်အေး | ကြည်း | ၇၀၅၀၄ |
| (၂၁၀) | အောင်သူ | ကြည်း | ၇၀၅၀၅ |
| (၂၁၁) | ဇော်ဝင်းထွန်း | ကြည်း | ၇၀၅၀၆ |
| (၂၁၂) | သန်းထိုက်အောင် | ကြည်း | ၇၀၅၀၇ |
| (၂၁၃) | ကျော်သီဟ | ကြည်း | ၇၀၅၀၈ |
| (၂၁၄) | ဝင်းသူအောင် | ကြည်း | ၇၀၅၀၉ |
| (၂၁၅) | စစ်ငြိမ်း | ကြည်း | ၇၀၅၁၀ |
| (၂၁၆) | ဇေယျာမိုး | ကြည်း | ၇၀၅၁၁ |
| (၂၁၇) | အောင်အောင်ဦး | ကြည်း | ၇၀၅၁၂ |
| (၂၁၈) | လင်းကိုကို | ကြည်း | ၇၀၅၁၃ |
| (၂၁၉) | သန်းစိုး | ကြည်း | ၇၀၅၁၄ |
| (၂၂၀) | သက်ဝေဇင် | ကြည်း | ၇၀၅၁၅ |
| (၂၂၁) | ရန်နိုင်ဝင်း | ကြည်း | ၇၀၅၁၆ |
| (၂၂၂) | စိုးမင်းထွန်း | ကြည်း | ၇၀၅၁၇ |
| (၂၂၃) | ဟိန်းသီဟ | ကြည်း | ၇၀၅၁၈ |
| (၂၂၄) | ကျော်ဇင်အောင် | ကြည်း | ၇၀၅၁၉ |
| (၂၂၅) | စောအယ်ဒီမွန် | ကြည်း | ၇၀၅၂၀ |
| (၂၂၆) | ခွန်ချိုဦး | ကြည်း | ၇၀၅၂၁ |
| (၂၂၇) | အောင်သူချမ်း | ကြည်း | ၇၀၅၂၂ |
| (၂၂၈) | ထက်နိုင်ဝင့် | ကြည်း | ၇၀၅၂၃ |
| (၂၂၉) | အောင်ကျော်မိုး | ကြည်း | ၇၀၅၂၄ |
| (၂၃၀) | ပြည့်ဖြိုးပိုင် | ကြည်း | ၇၀၅၂၅ |
| (၂၃၁) | အောင်ရဲသူ | ကြည်း | ၇၀၅၂၆ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာ ၂၆/၂၀၁၆

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက် )

ပြည်ထောင်စုလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးဦးနေဝင်းအား ယင်း၏တင်ပြလျှောက်ထားချက်အရ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (ခ) နှင့်အညီ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နှစ်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အမျိုးသားလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာ ၂၆/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက် )

၁။ အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီးမှ ညွှန်ကြားရေးမှူး (လစာနှုန်းကျပ် ၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဦးလှဝင်း၏ ၂၀၁၆ ခုနှစ်၊ မေလ (၂၈) ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီကြိုတင်ခွင့်ပြုခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ်(၈၁)အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ(၂၈) ရက်နေ့ နံနက်ပိုင်းမှစ၍ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၂၃၃)၊ (က) အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာ ၅၈/၂၀၁၆

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၆ ရက် )

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၃-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၅/၂၀၁၆နှင့် ၂၇-၄-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၁/၂၀၁၆ တို့ဖြင့် ခန့်အပ်ခဲ့သော အောက်ဖော်ပြပါ ကိုယ်ရေးအရာရှိ (၂) ဦးတို့သည် ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြပါ နေ့ရက်နံနက်ပိုင်းမှစ၍ အလုပ်တာဝန်ဝတ္တရားများကို လက်ခံဆောင်ရွက်သည် -

| **စဉ်** | **အမည်** | **စတင်တာဝန်ထမ်းဆောင်သည့်ရက်စွဲ** |
|---|---|---|
| (၁) | ဦးအာကာငြိမ်းချမ်း | ၁-၅-၂၀၁၆ |
| (၂) | ဦးတင်အောင်မြင့် | ၁-၄-၂၀၁၆ |

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၂၃ ရက် )

အမှတ်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းများအား မြန်မာနိုင်ငံခွင့်ပေးရေးနည်းဥပဒေပုဒ်မ (၁၀) (က) နှင့် (၁၈) (၁) (က)များအရ ပျမ်းမျှလစာဖြင့် လုပ်သက်ခွင့်များ ခံစားခွင့်ပြုလိုက်သည် -

| စဉ် | အမည်/ရာထူး/ဌာနခွဲ | ခံစားခွင့်ပြုသည့်ခွင့်ရက် | အလုပ်တာဝန်ပြန်လည်ထမ်းဆောင်သည့်ရက် |
|---|---|---|---|
| ၁။ | ဦးမြင့်စိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | ၃-၅-၂၀၁၆မှ၆-၅-၂၀၁၆ထိ<br>(၄) ရက် | ၇-၅-၂၀၁၆<br>(နံနက်ပိုင်း) |
| ၂။ | ဦးအောင်ကျော်ထူး<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | ၂၁-၄-၂၀၁၆မှ၂၄-၄-၂၀၁၆ထိ<br>(၄) ရက် | ၂၅-၄-၂၀၁၆<br>(နံနက်ပိုင်း) |
| ၃။ | ဒေါ်ကျော့ကျော့မွန်<br>ဒုတိယညွှန်ကြားရေးမှူး | ၂၁-၄-၂၀၁၆မှ၂၄-၄-၂၀၁၆ထိ<br>(၄) ရက် | ၇-၅-၂၀၁၆<br>(နံနက်ပိုင်း) |
| ၄။ | ဦးကျော်သက်<br>ဒုတိယညွှန်ကြားရေးမှူး<br>လုပ်ငန်းဌာန(၄) | ၂-၄-၂၀၁၆မှ၈-၄-၂၀၁၆ထိ<br>(၇) ရက် | ၉-၄-၂၀၁၆<br>(နံနက်ပိုင်း) |
| ၅။ | ဒေါ်ခင်တင်ဝင်း<br>လ/ထညွှန်ကြားရေးမှူး<br>အင်ဂျင်နီယာဌာန | ၅-၄-၂၀၁၆မှ၈-၄-၂၀၁၆ထိ<br>(၂၀) ရက် | ၉-၄-၂၀၁၆<br>(နံနက်ပိုင်း) |
| ၆။ | ဒေါ်ခင်တင်ဝင်း<br>လ/ထညွှန်ကြားရေးမှူး<br>မှတ်တမ်းနှင့်ကွန်ပျူတာဌာနခွဲ | ၅-၄-၂၀၁၆မှ၈-၄-၂၀၁၆ထိ<br>(၄) ရက် | ၉-၄-၂၀၁၆<br>(နံနက်ပိုင်း) |
| ၇။ | ဦးကျော်ကျော်ဌေး<br>လ/ထညွှန်ကြားရေးမှူး<br>ထောက်ပံ့/ဆက်သွယ်ရေး/<br>မော်တော်ယာဉ်ဌာနခွဲ | ၃-၅-၂၀၁၆မှ၁၂-၅-၂၀၁၆ထိ<br>(၁၀) ရက် | ၁၃-၅-၂၀၁၆<br>(နံနက်ပိုင်း) |
| ၈။ | ဦးဟန်ဝင်းအောင်<br>လ/ထညွှန်ကြားရေးမှူး<br>ငွေစာရင်းဌာနခွဲ | ၂၆-၄-၂၀၁၆မှ၆-၅-၂၀၁၆ထိ<br>(၁၃) ရက် | ၉-၅-၂၀၁၆<br>(နံနက်ပိုင်း) |
| ၉။ | ဒေါ်နန္ဒာပပလင်း<br>ဦးစီးအရာရှိ<br>လုပ်ငန်းဌာန(၁) | ၂၅-၄-၂၀၁၆မှ၆-၅-၂၀၁၆ထိ<br>(၁၂) ရက် | ၇-၅-၂၀၁၆<br>(နံနက်ပိုင်း) |
| ၁၀။ | ဒေါ်မီမီချို<br>ဦးစီးအရာရှိ<br>ငွေစာရင်းဌာနခွဲ | ၂၁-၄-၂၀၁၆မှ၂၄-၄-၂၀၁၆ထိ<br>(၄) ရက် | ၂၅-၄-၂၀၁၆<br>(နံနက်ပိုင်း) |
| ၁၁။ | ဒေါ်ခိုင်ခိုင်စိုး<br>ဦးစီးအရာရှိ<br>စစ်ဆေးရေးဌာနခွဲ | ၄-၄-၂၀၁၆မှ၇-၄-၂၀၁၆ထိ<br>(၄) ရက် | ၈-၄-၂၀၁၆<br>(နံနက်ပိုင်း) |

အမှတ်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အင်ဂျင်နီယာဌာနမှ လက်ထောက်အင်ဂျင်နီယာ၊ ဦးအောင်လွင်ဦးအား မြန်မာနိုင်ငံခွင့်ပေးရေးနည်းဥပဒေအပိုဒ်(၁၇)အရ (၃၀-၃-၂၀၁၆)ရက်နေ့မှ (၈-၄-၂၀၁၆) ရက်နေ့အထိ လစာမဲ့ခွင့် (၁၀) ရက် ခံစားခွင့်ပြုလိုက်သည်။

ယင်းသည် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၉)ရက် (နံနက်ပိုင်း)တွင် အလုပ်တာဝန်ဝတ္တရားများ ပြန်လည် ထမ်းဆောင်ပါသည်။

ရဲနိုင်

ညွှန်ကြားရေးမှူးချုပ်၊

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# သစ်တောဦးစီးဌာန

## အမိန့်ကြော်ငြာစာ

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

အမှတ်။ ၁၀၃ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၁/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်စွဲပါ၊ စာအမှတ်၊ ၃(၂)/၂၁(ခ)(၃)/(၁၁၃၄/၂၀၁၅) တို့အရ သစ်တောတက္ကသိုလ်သို့ ပြောင်းရွှေ့တာဝန်ပေးအပ်ထားသည့် သစ်တောဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း/အမှုထမ်းများအား သစ်တောတက္ကသိုလ်တွင် အမြဲတမ်းတာဝန်ထမ်းဆောင်ရန်လွှဲပြောင်းပေးလိုက်သည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဒေါက်တာမြင့်ဦး | ပါမောက္ခချုပ် |
| ၂ | ဒေါက်တာစန်းဝင်း | ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) |
| ၃ | ဒေါက်တာစံသွင် | ပါမောက္ခ |
| ၄ | ဒေါက်တာတင်မင်းမောင် | တွဲဖက်ပါမောက္ခ |
| ၅ | ဦးသန်းဆွေ | ဌာနခွဲမှူး |
| ၆ | ဦးဇော်ဝင်းမြင့် | လက်ထောက်ကထိက |
| ၇ | ဒေါ်အစ်အစ်ရွှေစင် | လက်ထောက်ကထိက |
| ၈ | ဒေါ်ခိုင်ခိုင်စိုး | လက်ထောက်ကထိက |
| ၉ | ဦးငြိမ်းချမ်း | လက်ထောက်ကထိက |
| ၁၀ | ဒေါ်မြသန္တာစိုး | လက်ထောက်ကထိက |
| ၁၁ | ဒေါ်ကေရီဖြူဖြူသက် | လက်ထောက်ကထိက |
| ၁၂ | ဒေါ်အိသန္တာဖိုလ် | လက်ထောက်ကထိက |
| ၁၃ | ဦးကျော်သူမိုး | သရုပ်ပြ |
| ၁၄ | ဒေါ်ဖြူဖြူဟန် | သရုပ်ပြ |

အမှတ်။ ၁၁၆ ။ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၆) ဖြင့် ရာထူးတိုးမြှင့်ပေးခဲ့သော အောက်ဖော်ပြပါ အရာထမ်းများ၏ လက်ထောက်ညွှန်ကြားရေးမှူး ရာထူးစတင်တိုးမြှင့်ခန့်ထားသည့်ရက်နေ့အား အမည်နှင့်ယှဉ်တွဲပါ လက်ထောက် ညွှန်ကြားရေးမှူးအလုပ်တာဝန် စတင်ထမ်းဆောင်ကြောင်း သတင်းပို့သည့် ရက်နေ့မှစ၍ သတ်မှတ်လိုက်သည် -

| စဉ် | အမည် | လက်ရှိဒေသ | စတင်ရာထူးတိုးမြှင့်ခန့်ထားသည့်နေ့ရက် |
|---|---|---|---|
| ၁ | ဦးသွာလ်ကျင့်ခိုင် | ဦးစီးရုံးချုပ်၊ စီမံခန့်ခွဲရေးဌာန (ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာနတွဲဖက်) (ဌာနတွဲဖက်) | ၂၂-၁-၂၀၁၆ ညနေပိုင်း |
| ၂ | ဦးဌေးဝင်း | ဦးစီးရုံးချုပ်၊ တိုးချဲ့ပညာပေးရေးဌာန (သစ်တောတက္ကသိုလ်တွဲဖက်) | ၂၅-၂-၂၀၁၆ နံနက်ပိုင်း |
| ၃ | ဦးမောင်မောင်ဝင်း(၂) | ညွှန်ကြားရေးမှူးရုံး၊ ကရင်ပြည်နယ် | ၁၀-၂-၂၀၁၆ နံနက်ပိုင်း |
| ၄ | ဦးဇော်စိုး | ဦးစီးရုံးချုပ်၊ စီမံကိန်းနှင့်စာရင်းအင်းဌာန | |
| ၅ | ဦးဇော်မင်းထွန်း | ညွှန်ကြားရေးမှူးရုံး၊ ကယားပြည်နယ် | ၁၀-၂-၂၀၁၆ ညနေပိုင်း |
| ၆ | ဦးမြင့်သိန်းဦး | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | ၁၁-၂-၂၀၁၆ နံနက်ပိုင်း |

ဒေါက်တာညီညီကျော်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

## (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက် )

အမှတ်။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေငြာခဲ့သည့် ဤဦးစီးဌာန၏ (၁၉-၈-၂၀၁၅) ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းကို အသစ်ဖြည့်စွက် ကြေငြာလိုက်သည်။

**ဇယား "က" လမ်းမကြီးများ**

**ပဲခူးတိုင်းဒေသကြီး**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | | (၃) | | (၄) | | | (၅) | | (၆) |
| ၄၃။ | သင်မန်းကုန်း-ဥတို အုတ်ဖိုလမ်း | | | ၁ | ၇ | ၃၉၆ | | | | |

ပဲခူးတိုင်းအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ (၁၉-၈-၂၀၁၅) ရက်စွဲပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်းမိုင် အရှည်ကို (၁၀၅၂ မိုင် ၄ ဖာလုံ ၆၀၄ ပေ) အစား (၁၀၅၄ မိုင် ၄ ဖာလုံ ၃၄၀ ပေ) ဟု ပြင်ဆင် သတ်မှတ်လိုက်သည်။

အမှတ်။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ မန္တလေစတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေငြာခဲ့သည့် ဤဦးစီးဌာန၏ (၂၄-၉-၂၀၁၅) ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းကို အသစ်ဖြည့်စွက် ကြေညာလိုက်သည်။

**ဇယား "က" လမ်းမကြီးများ**

**စစ်ကိုင်းတိုင်းဒေသကြီး**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | | (၃) | | (၄) | | | (၅) | | (၆) |
| ၅၄။ | မြို့လှ-အင်းပေါင်-ပျားစည်-ဆတ္တိုးကြီးလမ်း | | | ၁၉ | ၂ | | | | | |

မန္တလေးတိုင်းအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ (၂၄-၉-၂၀၁၅) ရက်စွဲပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်းမိုင် အရှည်ကို (၁၅၇၆ မိုင် ၃၃၀ ပေ) အစား (၁၅၉၅ မိုင် ၂ ဖာလုံ ၃၃၀ ပေ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၉ ရက် )

အမှတ်။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများ အဖြစ် သတ်မှတ်ကြေငြာခဲ့သည့် ဤဦးစီးဌာန၏ (၂၅-၂-၂၀၁၅) ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းကို အသစ်ဖြည့်စွက် ကြေငြာလိုက်သည်။

**ဇယား "က" လမ်းမကြီးများ**

**ကရင်ပြည်နယ်**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | (၃) | | (၄) | | | (၅) | | | (၆) |
| ၃၉။ | စုကလိ-ဝေါလေလမ်း | | | ၁၈ | ၄ | | | | | |
| ၄၀။ | မဲပလဲ့-ကော့ကော်-ထီဝါးကလေးလမ်း | | | ၁၇ | ၀.၅ | | | | | |
| ၄၁။ | ထီဝါးကလေး-တာလေလမ်း | | | ၃၀ | - | | | | | |
| ၄၂။ | မဲပလေ့-ရွှေကုက္ကိုလမ်း | | | ၁၁ | ၇ | | | | | |

ကရင်ပြည်နယ်အတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ (၂၅-၂-၂၀၁၅) ရက်စွဲပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်းမိုင် အရှည်ကို (၉၈၀ မိုင် ၀ ဖာလုံ ၄၀ ပေ) အစား (၁၀၅၇ မိုင် ၃ ဖာလုံ ၃၇၀ ပေ) ဟု ပြင်ဆင် သတ်မှတ်လိုက်သည်။

အမှတ်။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများ အဖြစ် သတ်မှတ်ကြေငြာခဲ့သည့် ဤဦးစီးဌာန၏ (၇-၁၂-၁၉၉၂) ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ အမှတ်(၅၂) ဇယား "က" လမ်းမကြီးများစာရင်းကို ဖြည့်စွက် ကြေညာလိုက်သည်။

**ဇယား "က" လမ်းမကြီးများ**

**စစ်ကိုင်းတိုင်းဒေသကြီး**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | (၃) | | (၄) | | | (၅) | | | (၆) |
| ၅၂။ | ယင်းမာပင်-ကနီလမ်း (ယင်းမာပင်-ကနီ) အပိုင်း) | | | ၂၉ | ၂ | | | | | ယင်းမာပင်-ကနီလမ်း(ယင်းမာပင်-ကနီအပိုင်း)၏ ယခင်ကြေညာခဲ့ပြီးဖြစ်သော(၂၈)မိုင်(၇)မိုင်ဖာလုံအစား မြေပြင်တွင် အမှန်တကယ်ရှိသော(၂၈)မိုင်(၁)ဖာလုံနှင့်ယခုထပ်မံသိမ်းသွင်းသည့်ကနီမြို့တွင်းလမ်း(၁)မိုင်(၁)ဖာလုံကိုပေါင်း၍စုစုပေါင်း(၂၉)မိုင်(၂)ဖာလုံအဖြစ်သတ်မှတ်ပါသည်။ |

စစ်ကိုင်းတိုင်းအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ (၁၁-၂-၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်းမိုင် အရှည်ကို (၁၉၀၁ မိုင် ၇. ၃၅ ဖာလုံ) အစား (၁၉၀၂ မိုင် ၂. ၃၅ ဖာလုံ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

ခန့်ဇော်၊
ညွှန်ကြားရေးမှူးချုပ်၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာ

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၉ ရက် )

အမှတ်။ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) သွားကျန်းမာရေး သူနာပြုစုမှုပညာဌာနမှ လက်ထောက်ကထိက/ဌာနမှူး၊ ဒေါ်အေးအေးသန့်၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၈၁) အရ ငြင်းပယ်ခွင့်ပြုလိုက်သည်။

အမှတ်။ ဒေါ်အေးအေးသန့်အား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့ နံနက်ပိုင်းမှစ၍ ဝန်ထမ်းဥပဒေအပိုဒ် (၅၆) (က)အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၆) မှ သဘောတူညီချက်အရ ဒေါ်အေးအေးသန့်အား (၁၆-၁၀-၂၀၁၅) ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် (လစဉ်ထောက်ပံ့ငွေ-၂၅၀၀၀၀ ကျပ်) ဖြင့် တစ်နှစ်ခန့်ထားခြင်းကြောင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ်(၈၂)အရ ငြင်းပယ်ထားခဲ့သောကြိုတင်ပြင်ဆင်ခွင့် (၄) လအတွက် ခွင့်လစာများကို တစ်လုံးတစ်ခဲတည်း ခံစားခွင့်ပြုလိုက်သည်။

အမှတ်။ ဤဦးစီးဌာန၏ (၂၀-၅-၂၀၁၅) ရက်စွဲပါ စာအမှတ်၊ ၃ ခ/၂/ စီမံ/၁/၂၀၁၅(၇၆၇၈) ဆလတစဖြင့် ထုတ်ပြန်ခဲ့သော အမိန့်စာကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

အမှတ်။ ကျန်းမာရေးဝန်ကြီးဌာန၏ (၁၉-၂-၂၀၁၆) ရက်နေ့စွဲပါ စာအမှတ်-၃မက(က)၂၀၁၆(၈၉) အရ၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဒေါက်တာကျော်ရွှေ (ဆမ-၁၃၅၁၂) အား ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝန်ထမ်းရေးရာ) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားပါသဖြင့် ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)၏ တာဝန်များကို (၂၂-၂-၂၀၁၆) ရက်နေ့ နံနက်ပိုင်းတွင် စွန့်လွှတ်ခွင့်ပြုပြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝန်ထမ်းရေးရာ) ၏ တာဝန်များကို (၂၂-၂-၂၀၁၆) ရက်နေ့ နံနက်ပိုင်းမှစ၍ ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ပါမောက္ခဒေါက်တာနွဲ့နွဲ့ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် ( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ရွှေခေါင်းလောင်းမိသားစု ခရီးသွားလာရေး ကုမ္ပဏီလီမိတက်**

**(Golden Bell Family Travels & Tours Company Limited)** အား

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ရွှေခေါင်းလောင်းမိသားစု ခရီးသွားလာရေး ကုမ္ပဏီလီမိတက်**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေး ခေါ်ယူခြင်း

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစု ဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၈-၇-၂၀၁၆

ကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ

ကျင်းပမည့်နေရာ - အမှတ် ၁၃၆/၁၃၈(၃ဘီ)၊ အနော်ရထာလမ်းမကြီး၊ ၄၈ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ ရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည် ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး
(LL.B)
(အထက်တန်းရှေ့နေ) (စဥ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ ကြော်ငြာစာ

**အာရှမြန်မာ စီးပွားရေးလုပ်ငန်းစု ကုမ္ပဏီ လီမိတက်**

၂၀၁၆ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extraordinary Resolution) အရ **အာရှမြန်မာစီးပွားရေးလုပ်ငန်းစု ကုမ္ပဏီလီမိတက် (ASIA MYANMAR BUSINESS GROUP COMPANY LIMITED)** ကို (၁၀-၆-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမင်းလွင်ထူး အထက်တန်းရှေ့နေ (၂၁၂၉၆) အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါစာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U Soe Myint Han | ဦးမင်းလွင်ထူး (LL.B) |
| Managing Director | (အထက်တန်းရှေ့နေ) (စဉ်-၂၁၂၉၆) |
| Asia Myanmar Business Group Co.,Ltd. | အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

**TOP LINE AUTO SERVICES COMPANY LIMITED**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

**ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း**

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၂၀၈(င) အရ တော့(ပ်) လိုင်းအော်တိုဆားဗစ်(စ်)ကုမ္ပဏီလီမိတက်၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်များအားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၃-၇-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ် ၁၅၄၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိရုံး)။ |

ဒေါ်ဇာနည်ညို
(B.Com., C.P.A, LCCI., A.B.S.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
၀၉-၄၃၂၀၁၈၂၇၊ ၀၉-၅၁၃၂၃၂၅

## STANDARD COMMERCIAL SYNDICATE LIMITED

### ဖျက်သိမ်းရန် ကြေညာချက်

၁။ **STANDARD COMMERCIAL SYNDICATE LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၇-၆-၂၀၁၆) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၁၅၄၊ တတိယထပ်၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဇာနည်ညို (B.Com, C.P.A, LCCI., A.B.S.A) (အစိုးရအသိအမှတ်ပြုလက်မှတ်ရစာရင်းကိုင်နှင့် စာရင်းစစ်) [၁၂/ဗတထ(နိုင်) ၀၂၄၀၄၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း ဒေါ်ဇာနည်ညိုထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးနေထွန်း | ဒေါ်ဇာနည်ညို |
| အုပ်ချုပ်မှုဒါရိုက်တာ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| STANDARD COMMERCIAL | STANDARD COMMERCIAL |
| SYNDICATE LIMITED | SYNDICATE LIMITED |
| | ၀၉-၄၃၂၀၁၈၂၇၊ ၀၉-၅၁၃၂၃၂၅၊ ၀၁-၃၉၇၀၀၈ |

## VELOSI ASIA (JERSEY) LIMITED (MYANMAR BRANCH)

(Desirable Liquidation in Progess)

Myanmar Companies Act Section 208 (e)

According to the Myanmar Companies Act, Section 208 (e), to confirm the Liquidation of Velosi Asia (Jersey) Limited (Myanmar Branch), the final meeting will be held at Room No.(135), 1st Floor, Strand Hotel, Annex Building, No. 92, Strand Road, Yangon, on (16-7-2016).

U Myat Lwin Moe
B.Com (Q), C.P.A
(Certified Public Accountant)
AUDITOR

## စန္ဒကူးမာလာ ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်

## ( SANDAGOU MALAR TRAVEL COMPANY LIMITED )

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **စန္ဒကူးမာလာ ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၃၀-၅-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို(၃၀-၆-၂၀၁၆)ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးနေထွဋ်ဝင်း | ဦးစိန်ကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com, C.P.A) |
| စန္ဒကူးမာလာ ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ကုမ္ပဏီလီမိတက်၏ | ဖုန်း-၅၀၇၁၁၇ |
| ဒါရိုက်တာအဖွဲ့ကိုယ်စား | |

## သုံးဦးဗဟို သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်

## ( Trio Core Mining Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **သုံးဦးဗဟို သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁-၆-၂၀၁၆) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၁-၇-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးနေထွဋ်ဝင်း | ဦးစိန်ကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com, C.P.A) |
| သုံးဦးဗဟို သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ကုမ္ပဏီလီမိတက်၏ | ဖုန်း-၅၀၇၁၁၇ |
| ဒါရိုက်တာအဖွဲ့ကိုယ်စား | |

**ZENITH AUTO COMPANY LIMITED** ၏

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။　**ZENITH AUTO COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၅-၆-၂၀၁၆) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။　ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် တိုက် (၂)၊ အခန်း (၅၀၁)၊ ရွှေထီးအိမ်ရာ၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဝင်းအောင် Reg: No.5 [B. Com (A.A), C.P.A][ ၁၂/မရက(နိုင်)၀၁၁၁၅၉]၊ ဦးစိုးသိန်း (စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ဝင်) အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။　သို့ပါ၍ ကုမ္ပဏီမှပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဝင်းအောင် Reg: No.5 [B.Com (A.A), C.P.A] နှင့် ဦးစိုးသိန်းထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးစိုးသိန်း | ဦးဝင်းအောင် |
| ဒါရိုက်တာ | Reg: No.5 [B.Com (A.A), C.P.A] |
| ဇင်နစ်အော်တိုကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ဝင် | ဖုန်းနံပါတ် ၀၉-၇၃၀၁၃၃၁၈ |

စည်းစိမ် ခရီးသွားလာရေး ကုမ္ပဏီလီမိတက်

**(LUXURY TRAVEL & TOURS COMPANY LIMITED)**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ စည်းစိမ်ခရီးသွားလာရေးကုမ္ပဏီ လီမိတက် (LUXURY TRAVEL & TOURS COMPANY LIMITED) အား (၁၆-၆-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးဟိန်းလတ်အောင် | ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) |
| Managing Director | YE NOOS & ASSOCIATES (Law Firm) |
| Luxury Travel & Tours Co., Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| | အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| | ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။ |

## ရိုးမသစ္စာ ကူးသန်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

**(Yoma Thitsar Commercial Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ ရိုးမသစ္စာ ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက် ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၇-၆-၂၀၁၆) နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းရေးအရာရှိအဖြစ် ဒေါ်စန္ဒာအေး (B.Com, C.P.A) အမှတ် (၂၃)၊ အခန်း (၃၀၂)၊ အင်ကြင်းလမ်း၊ (၉၄) ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၇-၇-၂၀၁၆) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးလင်းမြိုင် | ဒေါ်စန္ဒာအေး |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com, C.P.A) |
| ရိုးမသစ္စာ ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း ၀၉-၄၂၀၀၆၃၄၉၀ |

## ဖလပ်တာ ဝမ်း ဂရု (ပ်) ကုမ္ပဏီလီမိတက်

**(Flutter One Group Co., Ltd)**

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၆-၇-၂၀၁၆) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် အမှတ် ၁၀၃၊ ၅/ဘီ၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

U Myat Lwin Moe
B.Com (Q), C.P.A
(Certified Public Accountant)
AUDITOR

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၁၇-၆-၂၀၁၆။